ကြေးမုံ
The Mirror
၁၃၆၆ ခုနှစ်၊ တပေါင်းလဆန်း ၅ ရက်၊ တနင်္လာနေ့၊ (14-3-2005) (၄၅၃၇)

သံတောင် တောင်စခန်းမြို့

☆ ပြင်ဦးလွင်မြို့၊ ကလောမြို့တို့ ကဲ့သို့သံတောင်တောင်စခန်းမြို့ကို အောက်မြန်မာပြည်၏တောင်ပေါ် အပန်းဖြေစခန်း ဖြစ်အောင်၊ ဆွဲဆောင်မှုရှိသည့် အပန်းဖြေစခန်းတစ်ခုဖြစ်အောင် အဆင့်ဆင့် တည်ဆောက်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ခပေါင်းရေလှောင်တမံဘက်စုံစီမံကိန်း ကြည့်ရှုစစ်ဆေး လယ်မြေဧကတစ်သိန်း ရေသွင်းစိုက်ပျိုးနိုင်မည်ဖြစ်ပြီး လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ်၃၀ ထုတ်ယူရရှိနိုင်မည်

ရန်ကုန် မတ် ၁၃

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ မတ် ၁၁ရက် ညနေ ၃နာရီ ၁၅မိနစ်တွင် ရဟတ်ယာဉ်များဖြင့် ရွှေကျင်မြို့မှ အုတ်တွင်းမြို့နယ်ရှိ ခပေါင်းရေလှောင်တမံဘက်စုံစီမံကိန်းသို့ ရောက်ရှိရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်နှင့်တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက်ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား စီမံကိန်းရှင်းလင်းဆောင်၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်ဌေးဦးက ခပေါင်းရေလှောင်တမံဘက်စုံစီမံကိန်းနှင့်စပ်လျဉ်းသည့် အချက်

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✧

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အုတ်တွင်းမြို့နယ်ရှိ ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(အပေါ်ယာပုံနှင့် အောက်ပုံ) (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

The Mirror

၁၄-၃-၂၀၀၅
(တနင်္လာနေ့)

ဒေသဖွံ့ဖြိုးရေး၊ လူနေမှုအဆင့်အတန်းမြင့်မားရေး ဖိဖိစီးစီး ကြိုးစားအားထုတ်ဆောင်ရွက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်နယ်နှင့် တိုင်းဒေသအားလုံး အကြားအလပ်မရှိ ကွက်ပြည့်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးဒေသကြီး ၂၄ခု စီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ် စီမံကိန်းတို့ကို အချိတ်အဆက်မိမိ ကြိုးပမ်း ဖော်ဆောင်ပေးနေသည်။

ယင်းသို့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းများသို့ နိုင်ငံတော်မှ တာဝန်ရှိ ပုဂ္ဂိုလ်များကိုယ်တိုင် အခါမလပ် ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ဖြည့်ဆည်း ပံ့ပိုးပေးလျက်ရှိသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အဖွဲ့ဝင်များလိုက်ပါလျက် မတ်လ ၁၁ ရက်နေ့က ပဲခူးတိုင်း ရွှေကျင်ဒေသသို့ သွားရောက်၍ ရွှေကျင်ဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည့် ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ လျာထားသည့်အချိန်ထက် စီမံကိန်းလုပ်ငန်းများကို စောပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားသည်။

ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းကို ပဲခူးတိုင်း ရွှေကျင်မြို့ အရှေ့မြောက်ဘက်ခြောက်မိုင်ခန့်အကွာရှိ ကျောက်နဂါးကျေးရွာအနီး ရွှေကျင်ချောင်းပေါ်၌ တည်ဆောက်လျက်ရှိသည်။ အဆိုပါ ရေအားလျှပ်စစ်စီမံကိန်းတွင် ၁၈ ဒသမ ၇၅ မဂ္ဂါဝပ် ထုတ်လုပ်နိုင်သည့် စက်လေးလုံးတပ်ဆင်၍ လျှပ်စစ်ဓာတ်အား ၇၅မဂ္ဂါဝပ် ထုတ်ယူနိုင်မည့် စီမံကိန်းဖြစ်သည်။

စစ်တောင်းမြစ်ဝှမ်းဒေသ ရေအားလျှပ်စစ်စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ပဲခူးတိုင်း၌ ဇောင်းတူရေအားလျှပ်စစ်စီမံကိန်းမှာ တည်ဆောက်ပြီးစီးပြီးဖြစ်သည်။ ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းအပါအဝင် ကွန်းချောင်း၊ ဖြူး ချောင်း၊ ခပေါင်း၊ ရဲနွယ်နှင့် ပသိရေအား လျှပ်စစ်စီမံကိန်းများမှာ ဆောင်ရွက်ဆဲဖြစ်သည်။ ဆက်လက်၍ သောက်ရေခပ်နှင့် ဘောဂထ ရေအားလျှပ်စစ် စီမံကိန်းနှစ်ခုကို တည်ဆောက်သွားမည်ဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ရွှေကျင်ဒေသသို့ သွားရောက်သည့်ခရီးစဉ်အတွင်း ရွှေကျင်မြို့ ဒေသခံတပ်ရင်း မြဝတီခန်းမ၌ မြို့နယ်ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံလမ်းညွှန် မှာကြားရာတွင်-

“နိုင်ငံတော်အစိုးရက ရွှေကျင်ဒေသအပါအဝင် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအသီးသီး၌ ဖြန့်ကြက်ပြီး ဖွံ့ဖြိုးတိုးတက်ရာ တိုးတက်ကြောင်းအတွက် လိုအပ်သည့် အခြေခံများကို တည်ဆောက်ထူထောင်ပေးနေသည့်နည်းတူ ဒေသခံပြည်သူများအပိုင်းကလည်း နိုင်ငံတော်ကထားရှိသည့် စေတနာအတိုင်း မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးကို မိမိတို့ကိုယ်တိုင် ဖိဖိစီးစီး ကြိုးစားအားထုတ် အကောင်အထည်ဖော်ကြရန်လိုကြောင်း” မှာကြားသွားသည်။

ရွှေကျင်ဒေသသည် စစ်တောင်းမြစ်၏ အရှေ့ဘက်ကမ်း၌ အချက်အချာကျသည့် ဒေသဖြစ်၍ အဆိုပါဒေသ ဖွံ့ဖြိုးတိုးတက်သွားပါက ဆက်စပ်နေသော ပတ်ဝန်းကျင် ကျေးလက်ဒေသများကိုလည်း ဖွံ့ဖြိုးတိုးတက်သွားမည်ဟူသည့် မျှော်မှန်းချက်ဖြင့် နိုင်ငံတော်အစိုးရက ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

ရွှေကျင်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ညောင်လေးပင်-မဒေါက်လမ်းကို အဆင့်မြှင့်ပြုပြင်ပြီး စစ်တောင်းမြစ်ကူး ရွှေကျင်တံတားကိုလည်း တည်ဆောက်ပေးခဲ့သဖြင့် သွားရေးလာရေးလွယ်ကူပြီး ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းများ တိုးတက်လာနေသည်။

ယင်းကဲ့သို့ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်အောင်ဆောင်ရွက်ပေးသည့်နည်းတူ ဒေသ၏ပညာရေး၊ ကျန်းမာရေးကဏ္ဍတို့ကိုလည်း တိုးတက်ဖြည့်ဆည်းပေးလျက်ရှိရာ ရွှေကျင်မြို့နယ် ပြည်သူ့ဆေးရုံကို ၁၆ ခုတင်ဆံ့မှ ခုတင် ၁၀၀ ဆေးရုံအဆင့်သို့ တိုးမြှင့်ပေးခဲ့သည်။

ရွှေကျင်ဒေသ၏ ရေမြေအခြေအနေအရ စိုက်ပျိုးရေးကိုအခြေခံ၍ ဒေသ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆန်စပါးအပါအဝင် ရာသီသီးနှံများ တိုးတက်ထွက်ရှိရေး၊ ပြည်တွင်း ပြည်ပ၌ ဈေးကွက်ရှိသည့် ရော်ဘာကို မြေပြန့်သာမက တောင်ကုန်းတောင်စောင်းများ၌ပါ အကောင်အထည်ဖော် စိုက်ပျိုးသွားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရက ဖြည့်ဆည်းလုပ်ကိုင်ပေးမှုများအပေါ် အခြေခံ၍ ဒေသခံပြည်သူများအနေဖြင့် မိမိဒေသဖွံ့ဖြိုးတိုးတက်ရေး၊ မိမိတို့၏ လူနေမှုဘဝအဆင့်အတန်းမြင့်မားရေးတို့အတွက် ဖိဖိစီးစီး ကြိုးစားအားထုတ်ဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နှစ်(၆၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရန် ပြည်သူတို့နှင့်အတူတကွ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ရေး။
၂။ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်ကို အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်ရေး။
၃။ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး နိုင်ငံတော်၏ ဦးတည်ချက်(၁၂)ရပ်ကို ပြည်သူလူထုနှင့်အတူ လက်တွဲ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ရေး။
၄။ အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော် တည်ဆောက်ရေး။

ဘဏ္ဍာရေးစည်းမျဉ်း အထူးသင်တန်းဆင်းပွဲနှင့် အိမ်တွင်းမှု အထူးနည်းပြသင်တန်းဖွင့်ပွဲ ကျင်းပ

ရန်ကုန် မတ် ၁၃

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေသည် ယမန်နေ့နံနက်စနာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေး ဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပသော ဘဏ္ဍာရေးစည်းမျဉ်းအထူး သင်တန်းအမှတ်စဉ်(၁၆)ဆင်းပွဲနှင့် အိမ်တွင်းမှု အထူးနည်းပြ သင်တန်းဖွင့်ပွဲတို့သို့ တက်ရောက်၍ အမှာစကားပြောကြားသည်။ (အောက်ပုံ)



ယင်းသင်တန်းဆင်းပွဲနှင့် ဖွင့်ပွဲသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဧည့်သည်များနှင့် သင်တန်းသူများ တက်ရောက်ကြသည်။

ပေးအပ်

ဘဏ္ဍာရေးစည်းမျဉ်း အထူးသင်တန်း အမှတ်စဉ်(၁၆)သို့ ဦးစီးဌာနများမှ သင်တန်းသူ ၅၅ ဦးတို့ တက်ရောက်ကြပြီး စံပြသင်တန်းသူ ဆုရရှိသော ဒေါ်ရီရီလှိုင် (ဒုတိယ ဦးစီးမှူး၊ ပေါင်းတည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့)နှင့် စာပေထူးချွန်ဆု ရရှိသော ဒေါ်နော်မေရီစိန် (ဦးစီးအရာရှိ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန-ရုံးချုပ်) တို့အား ဒုတိယဝန်ကြီးက ဆုများ ချီးမြှင့်၍ သင်တန်းဆင်း လက်မှတ်များကို သင်တန်းသူ ခေါင်းဆောင်သို့ ပေးအပ်သည်။

မှာကြား

ဒုတိယဝန်ကြီးသည် အိမ်တွင်းမှု အထူးနည်းပြ သင်တန်းဖွင့်ပွဲတွင် သင်တန်းသို့ တက်ရောက်လာကြသော စစ်ကိုင်းတိုင်း နန်းယွန်း၊ လေရှီးနှင့် လဟယ်၊ ကချင်ပြည်နယ် ပူတာအို၊ ဒွန်ဘန်နှင့် ဒေါ့ဖုန်းယန် ဒေသများမှ ဒေသခံ သင်တန်းသူ ၂၉ ဦးတို့အား ယင်းတို့ဒေသရှိ အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းများ၌ အကူနည်းပြအဖြစ် တာဝန်ပေးအပ်ရန်အတွက် အိမ်တွင်းမှု အထူးနည်းပြ သင်တန်းကိုဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ မိမိမြို့ရွာ ဖွံ့ဖြိုးရေးအတွက် သင်တန်းတွင် ကြိုးစားသင်ယူကြရန်နှင့်သင်တန်းဆင်းပြီးပါက ဒေသခံတိုင်းရင်းသူများအား ဆင့်ပွားသင်ကြားပေးရမည်ဖြစ်၍ ကျွမ်းကျင်တတ်မြောက်အောင် ကြိုးစားသင်ယူကြရန်လိုကြောင်းဖြင့် မှာကြားသည်။

အိမ်တွင်းမှု အထူးနည်းပြ သင်တန်းသို့ စစ်ကိုင်းတိုင်း နန်းယွန်း၊လေရှီးနှင့် လဟယ်မြို့နယ်များမှ သင်တန်းသူ ၁၇ဦး၊ ကချင်ပြည်နယ် ဒေါ့ဖုန်းယန်မြို့၊ ပူတာအိုမြို့နယ်နှင့် ဖားကန့်မြို့ ဒွန်ဘန်ကျေးရွာမှ သင်တန်းသူ ၁၂ဦး စုစုပေါင်း သင်တန်းသူ၂၉ဦးတို့ တက်ရောက်ကြပြီး အခြေခံစက်ချုပ် သင်တန်း၊ အဆင့်မြင့် စက်ချုပ် သင်တန်းနှင့် သိုးမွေးစက်ဆွဲ သင်တန်းများ ပို့ချမည်ဖြစ်သည်။

(သတင်းစဉ်)

ရန်ကုန်မြို့ ကန်တော်ကလေး စံပြဖဆပလ အမှတ်-၅၃၊အခန်း(၁၈)နေ ဒေါ်သန်းညွှန့်(သံတွဲမြို့)က သုံးထပ် ဘိုးဘွားဆေးရုံသစ်ကြီးတည်ဆောက်ရန်အတွက် ငွေကျပ် တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ရှိန်(ငြိမ်း) သို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

လက်မှတ် ပေးအပ်

ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၄-၂၀၀၅ခုနှစ် မူလတန်းဆင့် သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ပွဲကို မတ် ၁၀ ရက်က ကျောင်းခန်းမတွင် ကျင်းပရာ မောင်စိုးစံဖြိုးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်နော်ကစ်တီ သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်စဉ်။ (က-ပ)

သဲအင်းဂူ သကြံန်တရားစခန်း

ရန်ကုန် မတ် ၁၃

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် နှောကုန်းကျေးရွာ သဲအင်းဂူဝိပဿနာကျောင်းတိုက်၏ သင်္ကြန်ကာလ တရားစခန်းကို ဧပြီ ၉ ရက်မှ ၁၇ ရက်အထိ ကျင်းပမည်ဖြစ်သဖြင့် တရားအားထုတ်လိုသော ယောဂီများ ကြိုတင်စာရင်းပေးသွင်း၍ လာရောက် အားထုတ်နိုင်ကြကြောင်း သိရသည်။

(က-ပ)

ဟိတေသီ သင်္ကြန်အလှူစဉ်ဘူးများ ပေးပို့လှူဒါန်းနိုင်ပြီ

ရန်ကုန် မတ် ၁၃

မဟာစည်သာသနာ့ရိပ်သာ ဟိတေသီ အဖွဲ့ဝင်များအနေဖြင့် မိမိတို့ ဆန္ဒအလျောက် လှူဒါန်းကြသော သင်္ကြန်အလှူစဉ်ဘူးများကို မတ် ၁၅ ရက်မှစ၍ ဟိတေသီအဖွဲ့ မဟာစည်သာသနာ့ရိပ်သာ ဗဟန်းမြို့နယ် ဖုန်း-၅၅၅၄၇၂သို့ ပေးပို့လှူဒါန်းနိုင်သည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ပဲခူးတိုင်း တောင်ငူမြို့ပေါ်နှင့် တောင်ငူမြို့နယ်အတွင်းရှိ ကျောင်းတိုက်များမှ ဆရာတော်ကြီးများအား ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲတွင် တောင်ငူမြို့ ကြာနီကန်စာသင်တိုက် ပဓာနနာယက မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသူရိယက အနုမောဒနာတရား ချီးမြှင့်ပြီး လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြစဉ်။ (သတင်းစဉ်)

● **ရှေ့ဖုံးမှ**

အစီအစဉ်အရ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် တောင်ငူမြို့ ဓမ္မာစရိယတက္ကသိုလ် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခန္တီသာရထံမှ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော်အရှင်သူမြတ်များက ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် တောင်ငူမြို့ ဓမ္မာစရိယတက္ကသိုလ် ပဓာနနာယက ဆရာတော်ကြီးအား ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် တောင်ငူမြို့ ကန်တော်ပေါက်ကျောင်း ပဓာနနာယက ဆရာတော် ဘဒ္ဒန္တအာစိဏ္ဏအား ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ တိုင်းမှူး၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ တာဝန်ရှိပုဂ္ဂိုလ်များသည် ဆရာတော်ကြီးများအား ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ရေစက်သွန်းချအမျှပေးဝေ

ယင်းနောက် မြို့နယ်သံဃနာယကအဖွဲ့ဝင် တောင်ငူမြို့ ကြာနီကန်စာသင်တိုက် ပဓာနနာယက မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသူရိယက အနုမောဒနာတရား ချီးမြှင့်တော်မူပြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ဗုဒ္ဓသာသန် စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း တောင်ငူမြို့ ကန်တော်ပေါက်ကျောင်း ပဓာနနာယက ဆရာတော် ဘဒ္ဒန္တအာစိဏ္ဏအား ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

သီတဂူကြယ်တစ်ပွင့် အရှင်ပညာနန္ဒ၏ဓမ္မသဘင်

ရန်ကုန် မတ် ၁၃

သီတဂူကြယ်တစ်ပွင့် အရှင်ပညာနန္ဒသည် မတ် ၂၇ရက်ညတွင် စဉ့်ကူးမြို့နယ် ရှမ်းကန်ရွာ၊ ၂၈ ရက်တွင် မန္တလေး တမ္ဗဝတီရပ် ရှင်ပြုပွဲ၊ ၂၉၊ ၃၀ရက် ညများတွင် နတ်တလင်းမြို့၊ မတ် ၃၁ ရက်နှင့် ဧပြီ ၁ရက်ညများတွင် စစ်ကွင်းမြို့၊ ဧပြီ ၂ ရက် ညတွင် ထ/၁၆ ရပ်ကွက် ရွှေပြည်သာ ရန်ကုန်၊ ဧပြီ ၃ ရက် ညတွင် လှိုင်မြို့နယ် ၁၆ရပ်ကွက်နှင့် ထ/၁၆ ရပ်ကွက် ရွှေပြည်သာ၊ ၄ရက်ညတွင် ဒေးဒရဲမြို့၊ ၅ရက် ညတွင် (ဃ)ရပ်ကွက် ရွှေပြည်သာ၊ ၄ရက်ညတွင် ဒေးဒရဲမြို့၊ ၅ရက် ညတွင် (ပ) ရပ်ကွက်၊ ရွှေပြည်သာ ရန်ကုန်၊ ၆ရက်ညတွင် ပေါက်ကုန်းရပ် မင်္ဂလာဒုံမြို့နယ်၊ ၇၊ ၈ရက် ညများတွင် ၁၆/၃ဓမ္မာရုံ သဃ်န်းကျွန်း၊ ၉ရက်ညတွင် ထေရဝါဒ သာသနာပြုကျောင်း နန်းရှေ့ မန္တလေး၊ ၁၀ရက်ညတွင် ကံသစ်ရွာ ရေစကြို၊ ၁၁ ရက်ညတွင် ခင်မွန်ရွာ ချောင်းဦးမြို့နယ်၊ ၁၂ရက်ညတွင် သုမနဓမ္မဗိမာန် သာကေတ ရန်ကုန် ဓမ္မသဘင်တို့၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်။ (က-ပ)

သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်

စမ်းချောင်းမြို့နယ် အမက(၄)၏ ၂၀၀၄-၂၀၀၅ခုနှစ် သင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်ပွဲ အခမ်းအနားကို မတ် ၁၃ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးမြင့်က စတုတ္ထတန်းကျောင်းသူ မထက်ထက်စိုးအား လက်မှတ်ပေးအပ်စဉ်။ (က-ပ)

Flower News ဂျာနယ် အတွဲ(၁)၊ အမှတ်(၂၀) ဖြန့်ချိ

ရန်ကုန် မတ် ၁၃

အယ်ဒီတာချုပ် ကိုကို (စက်မှုတက္ကသိုလ်) စီစဉ်သော Flower News ဂျာနယ် အတွဲ(၁)၊ အမှတ်(၂၀)တွင် အယ်ဒီတာ့ဒိုင်ယာရီ၊ ကမ္ဘာ့ရှားပါး ကျောက်မျက်စာရင်းဝင် ပိန်းနိုက်ကျောက် မြန်မာနိုင်ငံ ဖားကန့်တွင် ထပ်တွေ့၊ သဇင်ပန်းများကို တစ်ရှူးမျိုးပွားပြီးမှ ရောင်းမည်၊ ရုပ်ရှင်ကြည့်ရင်း တီဗွီကြည့်ရင်း စင်ကာပူခရီး လေယာဉ်စီးကြဖို့ပြင်စသည့် ပြည်တွင်းရေးရာ သတင်းဝေဝေဆာဆာဖြင့် ထွက်ရှိလာသည်။

ပုရိသတို့ စရိုက်ကြမ်း မကြမ်း လက်ညှိုးနှင့် လက်သူကြွယ်ကြည့်ရုံနှင့် သိမည်လား၊ အက်စ်ပရင်က အမျိုးသမီး လေဖြတ်ခံရခြင်းကို ကာကွယ်ပေး၊ စစ်တလင်းတို့ ကွပ်ကဲမည့် လက်ပတ်ဗီဒီယိုများလာပြီစသည့် နိုင်ငံတကာရေးရာ သတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ အားကစားနှင့် ဖျော်ဖြေရေး ကဏ္ဍစုံလင်စွာဖြင့် e-Empire Media House ဖုန်း-၅၄၈၈၈၀ က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ (က-ပ)

ဘဂ္ဂဒက်ဟိုတယ်အနီး ဗုံးပေါက်ကွဲမှု အီရတ်ရောက် အလုပ်သမားများအတွက် အန္တရာယ်ရှိကြောင်း မီးမောင်းထိုးပြသခြင်းဖြစ်

ဘဂ္ဂဒက် မတ် ၁၂

ပေါက်ကွဲစေတတ်သည့်ပစ္စည်းများ အပြည့်အသိပ်တင်ဆောင်ထားသော အမှိုက်သိမ်းယာဉ်ဖြင့် အမေရိကန် အလုပ်သမားများ တည်းခိုနေသည့် ဘဂ္ဂဒက်ဟိုတယ်အနီး ဗုဒ္ဓဟူးနေ့က အသေခံဗုံးဖောက်ခွဲခဲ့ရာ လူလေးဦး သေဆုံးသွားပြီး အမေရိကန်နိုင်ငံသား ၃၀ ထိခိုက်ဒဏ်ရာရရှိကာ အခြားလူ ၁၀ ဦးလည်း ဒဏ်ရာရရှိသွားခဲ့ကြသည်။ ယင်းဖြစ်ရပ်က အီရတ်နိုင်ငံ၌ လုပ်ငန်းလုပ်ဆောင်နေရာတွင် ဘေးအန္တရာယ်ရှိနေကြောင်း မီးမောင်းထိုးပြလိုက်ခြင်းဖြစ်သည်။

အမေရိကန် ကန်ထရိုက်လုပ်ငန်းရှင်လေးဦးသည် ထိခိုက်ဒဏ်ရာရရှိသွားသဖြင့် ဆေးကုသရေးအတွက် ဆေးရုံတင်ထားရန် လိုအပ်ကြောင်း အမေရိကန် သံရုံးက ပြောကြားသည်။ အမေရိကန်နိုင်ငံသားများ သေဆုံးမှု မရှိကြောင်း သံရုံးက ဆက်လက်ပြောကြားသည်။

ကံကောင်းထောက်မ

ပေါက်ကွဲမှုပမာဏနှင့် တွက်ဆပါက ၎င်းတို့သည် ကံကောင်းထောက်မသည်ဟု ဆိုရမည်ဖြစ်သည်။ ပေါက်ကွဲမှုကြောင့် ကားရပ်သည့် နေရာတွင် ပေ ၃၀ ထက်မနည်း ကျယ်ဝန်းကာ ၁၀ ပေကျော်နက်သည့် ကျင်းကြီးဖြစ်သွားသည်။ ဆာဒီယာဟိုတယ်မှ ပြတင်းပေါက်မှန်များ ကွဲသွားကာ အဆောက်အအုံများ လှုပ်ယမ်းသွားသည်။

အီရတ်တွင် စွန့်စားအလုပ်လုပ်ကိုင်နေသည့် အန္တရာယ်မှာ ကြီးမားလှသည်။

အလုပ်သမားများမှာ လမ်းဘေးဗုံးထောင်သူများ၏ ပစ်မှတ်အဖြစ်ရောက်ရှိနေပြီး တွန်းလှန်တိုက်ခိုက်ရေးသမားများ၏ တိုက်ခိုက်မှုလည်း ပုံမှန်ခံနေရကာ ပြန်ပေးဆွဲမှုနှင့် သတ်ခံရမည့် အန္တရာယ်ကိုလည်း အမြဲရင်ဆိုင်နေရသူများ ဖြစ်သည်။

ဆက်လက်ပြောကြား

ရဲဝတ်စုံ ဝတ်ဆင်ထားသည့် တွန်းလှန်တိုက်ခိုက်ရေးသမားများက ဆာဒီယာဟိုတယ်အနီးရှိ စိုက်ပျိုးရေးဝန်ကြီးဌာနဂိတ်မှ အစောင့်တစ်ဦးအား ပစ်သတ်သွားခဲ့ကြောင်း ရဲတပ်ဖွဲ့က ဗုဒ္ဓဟူးနေ့က ပြောကြားသည်။ ယင်းစစ်ဆေးရေးဂိတ်က အမှိုက်သိမ်းယာဉ်အား အဆောက်အအုံ နှစ်ခုအတွင်းသို့ ဝင်ခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ဆက်လက်ပြောကြားသည်။

အခြား အစောင့်တပ်ဖွဲ့ဝင်များက အဆိုပါ အမှိုက်သိမ်းယာဉ်အား ရိုင်ဖယ်သေနတ်များ၊ စက်သေနတ်များဖြင့် ပစ်ခတ်ခဲ့ကြသည်။

ယင်းကြောင့် အဆိုပါ ယာဉ်သည် ဂိတ်အတွင်းရပ်ပြီး ဗုံးဖောက်ကွဲခဲ့ခြင်းဖြစ်သည်။ ***အင်တာနက်။***

အီရတ်တွင် အီတလီထောက်လှမ်းရေး သေဆုံးမှု အီတလီနှင့်အမေရိကန်တပ်ဖွဲ့တို့ ပြောကြားချက်များ ကိုက်ညီမှုမရှိ

ရောမ မတ် ၁၁

အမေရိကန် တပ်ဖွဲ့ဝင်များက အီတလီနိုင်ငံသား ထောက်လှမ်းရေးတစ်ဦးအား ဘဂ္ဂဒက်လေဆိပ်အနီး ပစ်ခတ်မှုကြောင့် သေဆုံးခဲ့ရမှုနှင့် ပတ်သက်၍ အီတလီနှင့် အမေရိကန်တို့၏ ပြောကြားချက်များသည် လုံးဝတိုက်ဆိုင်မှုမရှိကြောင်း အီတလီဝန်ကြီးချုပ် ဘာလူစကိုနီက အီတလီအထက်လွှတ်တော်တွင် ဗုဒ္ဓဟူးနေ့က ပြောကြားလိုက်သည်။

အီတလီ ထောက်လှမ်းရေးသမား ကာလီပါရီ သေဆုံးမှုကြောင့် လူအားလုံး စိတ်ထိခိုက်စေသည့် ယင်းဖြစ်ရပ်အား ပွင့်လင်းပြီး အပြန်အလှန်တာဝန်ရှိသူကို ဖော်ထုတ်ပေးခြင်းဖြင့်သာ ပြီးပြတ်စေရန် လုပ်နိုင်သည့် နည်းလမ်းဖြစ်ကြောင်း ၎င်းက အထက်လွှတ်တော်တွင် ပြောကြားသည်။ ယင်းဖြစ်ရပ်ကြောင့် အမေရိကန်နှင့် အီတလီနှစ်နိုင်ငံကြား တင်းမာမှုများ ပေါ်ပေါက်စေခဲ့သည်။ အီတလီသည် အမေရိကန်အား အခိုင်အမာ ထောက်ခံသည့် အပေါင်းပါနိုင်ငံဖြစ်ပြီး အီတလီတပ်ဖွဲ့ဝင် ၃၀၀၀ ကျော် အီရတ်နိုင်ငံတွင် ဖြန့်ကြက်ထားလျက်ရှိသည်။

ယင်းပစ်ခတ်မှုဖြစ်ရပ်အား ပူးတွဲစုံစမ်းစစ်ဆေးမှု ပြုလုပ်ရန် အမေရိကန်အိမ်ဖြူတော်က ကမ်းလှမ်းမှုသည် အရေးပါလှကြောင်း ဘာလူစကိုနီက ပြောကြားသည်။

အမေရိကန်သမ္မတ ဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ်က ယင်းဖြစ်ရပ်အား အလျင်အမြန်စုံစမ်းစစ်ဆေးမှု ပြုလုပ်မည်ဖြစ်ကြောင်း အီတလီအစိုးရနှင့် စည်းလုံးမှုရှိကြောင်း အီတလီနိုင်ငံ၏ အကြီးအကဲ အဇီလီယိုထံသို့ စာတစ်စောင်ရေးသားပေးပို့ထားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ဗုံးခွဲတိုက်ခိုက်

ဘဂ္ဂဒက်မြို့လယ်တွင် အမှိုက်သိမ်းကားဖြင့် ဗုံးများသယ်ဆောင်ကာ အသေခံ ဗုံးခွဲတိုက်ခိုက်ခဲ့ပြီးနောက် ဖြစ်ပေါ်ခဲ့သော ကျင်းကြီးကို မတ် ၁၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ပြင်သစ်ရှေးဟောင်းရဲတိုက်မှ ပစ္စည်းခိုးသူ ၄၁ ဦးကို ဖမ်းဆီးရမိ

ပါရီ မတ် ၁၂

ပြင်သစ်နိုင်ငံ ရဲတပ်ဖွဲ့သည် ပြီးခဲ့သောအင်္ဂါနေ့က သူခိုးဂိုဏ်းတစ်ဂိုဏ်းကို ဖမ်းဆီးနိုင်ခဲ့သည်။ ထိုသို့ ဖမ်းဆီးရာ၌ လူပေါင်း ၄၁ ဦးကို မသင်္ကာမှုဖြင့် ထိန်းသိမ်းထားသည်။ အဖိုးတန်ပစ္စည်းအများအပြားကိုလည်း သိမ်းဆည်းရမိကြောင်း ရဲတပ်ဖွဲ့မှလာသော သတင်းများကဆိုသည်။

ခိုးမှုများတွင် အဓိကတရားခံခြောက်ဦးရှိကြောင်း၊ ၎င်းတို့ကို ကြီးလေးသော ခိုးမှုနှင့်ခားပြမှုတို့အတွက် တရားစွဲဆို အပြစ်ပေးသွားမည်ဖြစ်ကြောင်း ပြင်သစ်ရဲတို့က ပြောကြားသည်။

ယခုပြုလုပ်သော ဖမ်းဆီးမှုတွင် ရဲတပ်ဖွဲ့ဝင်ပေါင်း ၄၀၀ တို့ ပါဝင်ခဲ့ကြသည်။ ဘောဒစ်ပြည်နယ် ဒီယွန်ဒီမြို့တွင် သူခိုးဂိုဏ်းအဖွဲ့သားများကို ပိတ်ဆို့ဖမ်းဆီးခဲ့ပြီးဖြစ်သည်။ အဖမ်းခံထားရသူများသည် ပြင်သစ်နိုင်ငံရှိ ရှေးဟောင်းရဲတိုက်ပေါင်း ၁၀၀ နီးပါးတို့မှ ပစ္စည်းများကို ပြီးခဲ့သောနှစ်များအတွင်းက ခိုးယူခဲ့ကြခြင်းဖြစ်သည်ဟု ဆိုသည်။ စစ်ဆင်ရေးပြုလုပ်စဉ်အတွင်း ပစ္စည်းပျောက်ဆုံးသွားသော ရဲတိုက်များမှပစ္စည်းများ၊ ရှေးဟောင်းတံဆိပ်အမှတ်အသားပါသည့် ဝိုင်အရက်များ၊ ရှေးဟောင်းပစ္စည်းများ၊ ကားများနှင့် လက်နက်များကိုပါ ဖမ်းဆီးနိုင်ခဲ့ကြသည်။

ရဲတပ်ဖွဲ့သည် ၎င်းတို့နှင့်တစ်ပါတည်း ငွေကြေးအမြောက်အမြားကိုလည်း ဖမ်းဆီးခဲ့ကြသည်။

လူဆိုးများသည် ၎င်းတို့ခိုးယူသော ပစ္စည်းများကို ဒေသတွင်း၌ ပြုလုပ်သော လေလံပွဲများတွင်တင်၍ ရောင်းချခြင်း၊ အင်တာနက်မှ ကြော်ငြာ၍ ရောင်းချခြင်းများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

တူရကီနိုင်ငံတွင် ဘိန်းဖြူ ၆၄ ကီလိုဂရမ် သိမ်းဆည်းရမိ

ကာရာကတ် မတ် ၁၂

တူရကီနိုင်ငံရဲတပ်ဖွဲ့သည် မူးယစ်ဆေးဝါး ဖမ်းဆီးမှုနှစ်ခုပြုလုပ်ရာတွင် ဘိန်းဖြူ ၆၄ ကီလိုဂရမ် သိမ်းဆည်းရမိခဲ့ကြောင်း အနာတိုလီရာသတင်းဌာနက ကြာသပတေးနေ့သတင်းတွင် ထုတ်ပြန်ကြေညာခဲ့သည်။

ထိန်းသိမ်း

အစ်စတန်ဘူဒေသ ကာတာခရိုင်တွင် ထရပ်ကားတစ်စင်းကို ရဲတပ်ဖွဲ့က တားဆီးပြီး ရှာဖွေခဲ့ရာ ဘိန်းဖြူ ကီလိုဂရမ် ၆၀ ကို သိမ်းဆည်းရမိကြောင်း၊ ထို့ပြင် ၎င်းပစ္စည်းများနှင့် ဆက်စပ်နေသည်ဟု ယူဆရသော လူခြောက်ဦးကိုလည်း တစ်ပါတည်း ထိန်းသိမ်းခဲ့ကြောင်း သတင်းတွင် ဖော်ပြထားသည်။

မူးယစ်ဆေးဝါး နှိမ်နင်းရေးအတွက်ပြုလုပ်သော အခြားစစ်ဆင်ရေးတစ်ခု၌လည်း အီစတန်ဘူမြို့ အာတာတက်လေဆိပ်မှ ပြည်ပသို့ ထွက်ခွာရန် ကြိုးပမ်းနေသူတစ်ဦး၏ ခရီးဆောင်အိတ်အတွင်းမှ ဘိန်းဖြူ လေးကီလိုဂရမ်ကို တွေ့ရှိသဖြင့် ပစ္စည်းကိုသိမ်းဆည်းလိုက်ပြီး ထိုခရီးသည်ကိုလည်း ဖမ်းဆီးလိုက်ကြောင်း အနာတိုလီရာ သတင်းဌာနက ဖော်ပြသည်။ ယခုအခါ ထိုအမှုများနှင့် ပတ်သက်သူများကို ဆက်လက်စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အမေရိကန်တွင် ကုန်ရထားလမ်းချော်

လော့စ်အိန်ဂျလိစ် မတ် ၁၂

လော့စ်အိန်ဂျလိစ်မြို့ အနီးတွင် အင်္ဂါနေ့က ကုန်ရထားတစ်စင်း လမ်းချော်ကျသဖြင့် မီးလောင်လွယ်သော အရည်များ ယိုဖိတ်ခဲ့ရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ရထားလမ်းချော်မှုကြောင့် ထိခိုက်မှု တစ်စုံတစ်ရာ မရှိကြောင်း သိရသည်။

လော့စ်အိန်ဂျလိစ်မြို့၏ အရှေ့ဘက်မိုင် ၂၀ အကွာရှိ အင်ဒပ်စထရီမြို့တွင် လမ်းချော်သွားခြင်းဖြစ်သည်။ ရထားတွဲ ၄၈ တွဲအနက် တွဲတစ်ဒါဇင်ခန့်မှာ လမ်းချော်ပြီး အကျိုးအပဲ့ အပျက်အစီးများမှာ မိုင်ဝက်ခန့် ပြန့်ကြဲသွားသည်။ ရေမခဲအောင် ပြုလုပ်ရာတွင် အသုံးပြုသည့် ပရိုပိုင်လင်းဂလိုင်ကောဆေးရည်များမှာ ရထားတွဲတစ်တွဲမှ ယိုဖိတ်လျက်ရှိသည်။

ယင်းဆေးရည်များမှာ မီးလောင်လွယ်သဖြင့် စိုးရိမ်ဖွယ်ရာ ဖြစ်နေရကြောင်း လော့စ်အိန်ဂျလိစ်မီးသတ်ဌာန စစ်ဆေးရေးမှူး အက်အိုဆိုရီယိုက ပြောကြားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ခေါင့်ကြပ်

အီရတ်နိုင်ငံရှိ အမည်ဆိုးဖြင့် ကျော်ကြားသော အဘူဂါရိပ် အကျဉ်းထောင်အတွင်း သီးခြားချုပ်နှောင်ခံရသော အီရတ်အကျဉ်းသားတစ်ဦးအား အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး စောင့်ကြပ်နေသည်ကို မတ် ၁၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

နေရောင်ခြည်ဖြင့် ကိုကိုး အခြောက်လှန်းကိရိယာ နိုင်ဂျီးရီးယားနိုင်ငံ စမ်းသပ်တီထွင်

လေဂို့စ် မတ် ၁၂

စွတ်စို ရာသီတွင် ကိုကိုး ထုတ်လုပ်သည့် ဒေသများအတွင်း ကိုကိုးသီးများကို နေရောင်ခြည်စွမ်းအင် အသုံးပြု၍ အခြောက်ခံရေး အလားအလာကို နိုင်ဂျီးရီးယားက စမ်းသပ်လျက် ရှိ ကြောင်း တာဝန်ရှိ သူများက အင်္ဂါနေ့တွင် ပြောကြားသည်။

ကိုကိုးသီး များကို သမားရိုးကျ နေလှန်းခြင်းထက် အချိန်တိုအတွင်း အခြောက်မြန်စေသည့် ရှေ့ပြေး ပုံစံနေလှမ်း ကိရိယာကို တည်ဆောက်ပြီး လွန်ခဲ့သည့်နှစ်ကပင် သက်ဆိုင်ရာရုံးတွင် မှတ်ပုံတင်ထား ခဲ့ ကြောင်း ဖြင့် လယ်ယာ စိုက်ပျိုးရေးနှင့် ကျေးလက် ဖွံ့ဖြိုးရေး ဝန်ကြီး ဌာန စိုက်ပျိုးရေး အရာရှိချုပ် ရောဘတ်အိုဝေက ပြောကြားသည်။

နေလှမ်းကိရိယာ၏ ကုန်ကျစရိတ်ကို ရောဘတ်အိုဝေက ထုတ်ဖော် ပြောကြားခြင်း မရှိပေ။ သို့သော် အမျိုးသား ကိုကိုးဖွံ့ဖြိုးရေးကော်မတီက ယင်းကိရိယာကို လေ့လာမည်ဖြစ်ကြောင်း ကော်မတီဝင် တစ်ဦးက ပြောဆိုသည်။

အမ်အင်အေ၊ ဆင်ဟွာ။

သမိုင်းဝင်ဆံတော်ရှင် မြတ်မော်တင် စေတီတော် ရွှေထီးတော်တင်လှူပွဲနှင့် ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပ

ရန်ကုန် မတ် ၁၃

ဧရာဝတီတိုင်း ပုသိမ်ခရိုင် ငပုတောမြို့နယ်ရှိ သမိုင်းဝင် မဟာမကုဋရုံသီဆံတော်ရှင် မြတ်မော်တင်စေတီတော်မြတ်ကြီး ရွှေထီးတော်သစ်တင်လှူပူဇော်ပွဲဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်အခမ်းအနားကို မတ် ၁၀ရက် နံနက်ရနာရီတွင်ကျင်းပရာ အခမ်းအနားသို့ ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့်ဇနီး၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်၊ခရိုင်၊မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များ၊ ဘုရားဖူးပြည်သူများတက်ရောက်ကြည်ညိုကြသည်။

အစီအစဉ်အရ တိုင်းမှူး၊ ဝန်ကြီးနှင့် ဧည့်ပရိသတ်များသည် စေတီတော်တောင်ခြေရှိမုခ်ဦးရှေ့၌ နေရာယူကြပြီး မင်္ဂလာအချိန်အခါတွင် တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်က ဗုဒ္ဓပူဇနီယပွဲတော်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် အခမ်းအနားကို နဂါးရုံဘုရားတန်ဆောင်း၌ ဆက်လက်ကျင်းပရာအခမ်းအနားသို့နိုင်ငံတော်သံဃမဟာနာယကအဖွဲ့တွဲဖက်အကျိုးတော်ဆောင် ညောင်တုန်းမြို့ပုဏ္ဏာမာရာမဈေးကျောင်း ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတအဘိဓဇအဂ္ဂမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဩဘာသာဘိဝံသ အမှူးပြုသောဆရာတော် ၃၆ပါး ကြွရောက်တော်မူကြပြီး တိုင်းမှူး၊ ဝန်ကြီးနှင့် ဧည့်ပရိတ်သတ်များက အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ကြသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့်ဧည့်ပရိသတ်များက ညောင်ပင်သာကျောင်းဆရာတော်အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိသုတထံမှ ကိုးပါးသီလ ဆောက်တည်ကြပြီး ဥပါသကာများက ဆရာတော်များထံ ပရိတ်ရေ၊ ပရိတ်သဲ၊ ပရိတ်ပန်းတို့ကို ဆက်ကပ်ကြသည်။ဆက်လက်၍ ဆရာတော်သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကြပြီးနောက် တိုင်းမှူးနှင့်ဇနီး၊ ဝန်ကြီးနှင့် တာဝန်ရှိသူများက စေတီတော်မြတ်ကြီးအား တင်လှူပူဇော်မည့် စိန်ဖူးတော်မြတ်၊ ငှက်မြတ်နားတော်နှင့် လှူဖွယ်ပစ္စည်းများအား ဆရာတော်ကြီးများထံ အသီးသီးဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့က စေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံဆောင်ရွက်ခဲ့မှုနှင့် သာသနာရေးဆိုင်ရာများကို လျှောက်ထားကြသည်။

ဆက်လက်၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတအဘိဓဇအဂ္ဂမဟာရဋ္ဌဂုရုဘဒ္ဒန္တဩဘာသာဘိဝံသက အနုမောဒနာတရား ချီးမြှင့်တော်မူပြီး တိုင်းမှူး၊ ဝန်ကြီးနှင့် အလှူရှင်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုကြသည်။

ထို့နောက် ထီးတော်တင်လှူ ပူဇော်ပွဲကို ဆက်လက်ကျင်းပရာ တိုင်းမှူးနှင့် ဝန်ကြီး၊ တာဝန်ရှိသူများက စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ထီးတော်ဘုံအဆင့်ဆင့်တို့ကို အစီအစဉ်အတိုင်း ပင့်ဆောင်ကြကာ စေတီတော်မြတ်ကြီးအား လက်ယာရစ် သုံးကြိမ်လှည့်လည် ပူဇော်ပြီး ယာယီကိန်းဝပ်မည့် မင်္ဂလာမဏ္ဍပ်သို့ခေတ္တအပူဇော်ခံ၍အမွှေးနံ့သာများ ပက်ဖျန်းပူဇော်ကြသည်။

တင်လှူပူဇော်

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့် တာဝန်ရှိသူများသည် ရွှေထီးတော်ဘုံအဆင့်ဆင့်ကို တပ်မတော်(လေ) မြလေယာဉ် ကုသိုလ်ဖြစ်ထီးတော်တင်အဖွဲ့ပန်းရထားဖြင့်ပို့ဆောင်၍ စေတီတော်အထွတ်သို့တင်လှူရာမင်္ဂလာဘိသေကပညာရှင် ဦးထိန်လင်းက မင်္ဂလာဩဘာစာတမ်း ဖတ်ကြားပူဇော်ပြီး ဘုရားဒါယကာများက အရံစေတီ ၁၆ဆူအား ထီးတော်တင်လှူ ပူဇော်ကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့်ဇနီး၊ အလှူရှင်များ၊ ပရိသတ်များက ယာယီစံကျောင်းတော်မှနေ၍ ငှက်မြတ်နားတော်၊စိန်ဖူးတော်တို့ကို ပန်းရထားဖြင့် တင်လှူပူဇော်ကြပြီး တိုင်းမှူး၊ ဝန်ကြီးနှင့် တာဝန်ရှိသူများက စေတီတော်အထွတ်သို့တက်ရောက်၍ ထီးတော်ဘုံအဆင့်ဆင့်နှင့် ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့ကို အစီအစဉ်အတိုင်း တပ်ဆင်ပူဇော်ပေးကြပြီး အမွှေးနံ့သာများ ပက်ဖျန်းပူဇော်သည်။

ယင်းနောက် ဆရာတော်သံဃာတော်များက စေတီတော်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင် ပူဇော်တော်မူကြပြီးနောက် တိုင်းမှူးက ရတနာရွှေမိုး၊ ငွေမိုးရွာသွန်းဖြိုးပေး၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ပြီး အာရုံခံတန်ဆောင်းအတွင်း ကြွရောက်လာကြသော ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

စီစဉ်ထား

အဆိုပါသမိုင်းဝင် မဟာမကုဋရုံသီမြတ်မော်တင်စေတီမြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော်ကို မတ် ၁၀ ရက်မှ ၂၄ ရက်ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပြီး နိုင်ငံအနှံ့မှ ဘုရားဖူးပြည်သူများ အနေဖြင့် ကား၊ သင်္ဘောများဖြင့် သွားလာမှု လွယ်ကူစွာ ဖူးမြော်ကြည်ညိုနိုင်ရန် စီစဉ်ထားသည်။ (သတင်းစဉ်)

အမျိုးသားညီလာခံ ကိုယ်စားလှယ်များ ဆုတောင်းပြည့် မယ်လမုစေတီတော်အား ဖူးမြော်ကြည်ညိုကြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံနားရက်တွင် ညီလာခံကိုယ်စားလှယ်များ ဘုရားများဖူးမြော်ကြည်ညို၊ ဘုရားရှိခိုးကျောင်းများ၌ ဝတ်ပြုဆုတောင်း

ရန်ကုန် မတ် ၁၃

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ကျင်းပလျက်ရှိသည့် အမျိုးသားညီလာခံသို့ တက်ရောက်နေသော အမျိုးသားညီလာခံကိုယ်စားလှယ်များသည် အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၏စီစဉ်မှုဖြင့် အမျိုးသားညီလာခံနားရက်ဖြစ်သည့် ယမန်နေ့(စနေနေ့)တွင် ရန်ကုန်မြို့ရှိ ဘုရားများအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ယနေ့(တနင်္ဂနွေနေ့)တွင် ဘုရားရှိခိုးကျောင်းများသို့ သွားရောက်ဝတ်ပြုဆုတောင်းကြသည်။

ကြိုဆို

အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် အမျိုးသားညီလာခံကျင်းပရေးဖိတ်ကြားရေးနှင့်ကြိုဆိုနေရာချထားရေးဆပ်ကော်မတီအတွင်းရေးမှူး ဗိုလ်မှူးမြင့်ထွန်းနှင့်တာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့တွင် မော်တော်ယာဉ်များဖြင့် ညောင်နှစ်ပင်စခန်းမှ ထွက်ခွာကြပြီး နံနက်၇နာရီခွဲတွင် ရန်ကုန်မြို့ရှိ လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ရောက်ရှိကြရာ စေတီတော်ဂေါပကအဖွဲ့ဝင် ဦးမြသိန်း၊ ဦးဇော်မင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် အမျိုးသားညီလာခံကိုယ်စားလှယ်များသည် စေတီတော်ရင်ပြင် ရာဟုထောင့်ရှိ အောင်မြေမှနေ၍ စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြသည်။

ဆက်လက်၍ စေတီတော်ဂေါပကအဖွဲ့ ဌာနမှူး ဦးသိန်းဇော်က လေးဆူဓာတ်ပုံရွှေတိဂုံ စေတီတော်မြတ်ကြီး၏ သမိုင်းကြောင်းနှင့် ကြည်ညိုဖွယ်သားဖွယ်ရာများကိုရှင်းလင်းပြောကြားသည်။

ထို့နောက် အမျိုးသားညီလာခံကိုယ်စားလှယ်များသည် ၂၅၉၃နှစ်မြောက် ရွှေတိဂုံစေတီတော် ဗုဒ္ဓပူဇနီယတပေါင်းပွဲတော် ရွှေသင်္ကန်းတော်ကပ်လှူပူဇော်နိုင်ရန်အတွက် စုပေါင်းလှူဒါန်းငွေကျပ် ၁၃၀၁၉၀ ကို ပေးအပ်လှူဒါန်းကြရာ ဂေါပကအဖွဲ့ဝင် ဦးမြသိန်းနှင့် တာဝန်ရှိသူများက လက်ခံကြပြီး လှူဒါန်းမှုအတွက် သာဓုသုံးကြိမ်ခေါ်ဆိုကြသည်။

ယင်းနောက် အမျိုးသားညီလာခံကိုယ်စားလှယ်များသည် စေတီတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ဖူးမြော်ကြည်ညိုကြပြီး ဂြိုဟ်တိုင်များရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ရေသပ္ပာယ်၍ ဆီမီးနှင့် အမွှေးတိုင်များဖြင့် ကပ်လှူပူဇော်ကြကာ ရင်ပြင်တော်ရှိ စေတီတော်ဂေါပကအဖွဲ့ အရောင်းဆိုင်တွင် ပြက္ခဒိန်၊ ပုံတော်၊ ဘာသာရေးစာအုပ်များနှင့် မြတ်ဗုဒ္ဓ၏ အောင်ခြင်းရှစ်ပါး ဗွီစီဒီ၊ ဒီဗွီဒီခွေများကို ဝယ်ယူအားပေးကြသည်။

ဧည့်ခံ

ထိုမှတစ်ဆင့် အမျိုးသားညီလာခံကိုယ်စားလှယ်များသည်မြောက်ဥက္ကလာပမြို့နယ်ရှိ ဆုတောင်းပြည့် မယ်လမုစေတီတော်သို့ရောက်ရှိကြရာ စေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးသန်းမောင်၊ အတွင်းရေးမှူး ဦးမျိုးလွင်နှင့် ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြပြီး ဧည့်ခံကြိုဆိုရေးမဏ္ဍပ်၌ အချိုရည်များဖြင့် ဧည့်ခံတိုက်ကျွေးသည်။

ယင်းနောက် အမျိုးသားညီလာခံကိုယ်စားလှယ်များသည် စေတီတော်အား ဖူးမြော်ကြည်ညိုကြပြီး စေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးသန်းမောင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး စေတီတော်၏ သမိုင်းကြောင်းအကျဉ်းချုပ်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အမျိုးသားညီလာခံကိုယ်စားလှယ်များသည် စေတီတော်အတွက် စုပေါင်းလှူဒါန်းငွေ ၈၄၁၃၅ ကျပ်ကို ပေးအပ်လှူဒါန်းကြရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးသန်းမောင်နှင့် ဂေါပကအဖွဲ့ဝင်များက လက်ခံကြပြီး အနုမောဒနာ မော်ကွန်းလွှာကို ပြန်လည်ပေးအပ်သည်။

ယင်းနောက် အမျိုးသားညီလာခံကိုယ်စားလှယ်များသည် ဆုတောင်းပြည့် မယ်လမုစေတီတော်အား အမွှေးတိုင်နှင့် ဆီမီးများဖြင့် ကပ်လှူပူဇော်ကြပြီး စေတီတော်အား လှည့်လည်ဖူးမြော်ကြရာ ဂေါပကအဖွဲ့ဝင်များက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် အမျိုးသားညီလာခံကိုယ်စားလှယ်များသည် မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာကြရာ မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းသို့ မွန်းလွဲပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

လှူဒါန်း

အမျိုးသားညီလာခံ ကိုယ်စားလှယ်များ ဘုရားဖူးခရီးစဉ်တွင် ရွှေတိဂုံစေတီတော်နှင့် ဆုတောင်းပြည့် မယ်လမုစေတီတော်တို့၌ အမွှေးတိုင်များ ပူဇော်နိုင်ရန် ကံပွင့်အမွှေးတိုင်လုပ်ငန်းပိုင်ရှင် အမျိုးသားညီလာခံ ကိုယ်စားလှယ် ဦးအောင်သန်းက ငွေကျပ် ၄၅၀၀၀ တန်ဖိုးရှိ ကံပွင့်အမွှေးတိုင် အထုပ် ၇၀၀ကို လှူဒါန်းသည်။

အလားတူပင် ခရစ်ယာန်ဘာသာဝင် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် ဖိတ်ကြားရေးနှင့်ကြိုဆိုနေရာချထားရေးဆပ်ကော်မတီမှ တာဝန်ရှိသူများ လိုက်ပါလျက် အမျိုးသားညီလာခံနားရက်ဖြစ်သည့် ယနေ့(တနင်္ဂနွေနေ့) နံနက်ပိုင်းတွင် ရန်ကုန်မြို့ တာမွေမြို့နယ် မာန်အောင်ရပ်ကွက် အေးသာယာလမ်းရှိ ခရစ်ယာန်ရိပ်သာသို့ လည်းကောင်း၊ မင်္ဂလာဒုံ မြို့နယ်ရှိ ရှင်ဂျော့ဂျက် အင်္ဂလီကန် ဘုရားရှိခိုးကျောင်းသို့လည်းကောင်း မော်တော်ယာဉ်များဖြင့် သွားရောက်ဝတ်ပြုဆုတောင်းကြသည်။

(သတင်းစဉ်)

ဝိဓူရဆန္ဒ စာကြည့်တိုက်ဖွင့်

ရန်ကုန် မတ် ၁၃

မြောက်ဥက္ကလာပမြို့နယ် ကျောက်ရေတွင်းရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဝိဓူရဆန္ဒ စာကြည့်တိုက်ဖွင့်ပွဲကို မတ် ၃ ရက်က ရပ်ကွက်ရုံး၌ကျင်းပရာမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးအောင်ကျော်ညွှန့်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်ရီရီရှိန်က စာပေတန်ဖိုးနှင့် စာကြည့်တိုက်လုပ်ငန်းဆိုင်ရာ သိကောင်းစရာများ ရှင်းလင်းဟောပြောသည်။ ထို့နောက် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးသောင်းမြင့်က ကျေးဇူးတင်စကားပြောကြားပြီး စာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ (မြို့နယ်ပြန်/ဆက်)

ပုဇွန်တောင်မြို့နယ် မြသိန်းတန်ကျောင်း ပရိယတ္တိစာသင်တိုက် စာအောင်သံဃာများအား ချီးကျူးဂုဏ်ပြုပူဇော်ပွဲကို မတ် ၁၃ ရက်က ကျင်းပရာ ဓမ္မာစရိယ နှစ်ကျမ်းခွဲအောင် အရှင်အာလောကအား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဌေးဝင်း ဂုဏ်ပြုဆု ဆက်ကပ်စဉ်။ (၂၃)

အချိန်အခါမဟုတ် မိုးရွာမည် သတိပေး

ရန်ကုန် မတ် ၁၃

ယနေ့နံနက် မြန်မာစံတော်ချိန် ၀၉:၃၀နာရီအချိန် တိုင်းထွာချက်များအရ အနောက်ဘက်မှလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့် ယနေ့မွန်းတည့်မှ နောက် ၄၈နာရီအတွင်း ကချင်ပြည်နယ်၊ချင်းပြည်နယ်၊ ရခိုင်ပြည်နယ် မြောက်ပိုင်းနှင့် စစ်ကိုင်းတိုင်း အထက်ပိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

ထူးခြားသည့် နေ့အပူချိန်များ

၁၃-၃-၂၀၀၅

မကွေးနှင့်မင်းဘူး

၄၀ဒီဂရီစင်တီဂရိတ်

(၁၀၄ဒီဂရီဖာရင်ဟိုက်)

အထက(၁)ဖျာပုံ မြတ်ဆရာပူဇော်မည်

ရန်ကုန် မတ် ၁၃

ဖျာပုံမြို့ အထက(၁) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၃)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး၌ ဧပြီ ၃ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။

ပူဇော်ပွဲအတွက် လှူဒါန်းလိုသူများနှင့် ဆရာကြီး၊ ဆရာမကြီးများအတွက် ဖွင့်လှစ်ထားရှိသော ကျန်းမာရေးစောင့်ရှောက်မှု ရန်ပုံငွေသို့ ထည့်ဝင်လိုသူများသည် ဦးခင်ဦး ဖုန်း-၅၁၄၈၇၉၊ ဦးမြင့်ဦး ဖုန်း-၂၂၄၇၂၅၊ ဒေါ်ခင်ခင်ဝင်း ဖုန်း-၇၁၀၂၃၅၊ ဦးကျော်ဆန်းနိုင် ဖုန်း-၅၈၄၈၈၁၊ ဒေါ်ခင်မြင့်သစ် ဖုန်း-၂၉၂၀၅၀၊ ဖျာပုံအသင်းတိုက် ဖုန်း-၂၉၁၀၈၃ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

တစ်မျိုးသားလုံးအရေး၊ တစ်မျိုးသားလုံးအကျိုးစီးပွားကို ဖော်ဆောင်မည့် အမျိုးသားညီလာခံကြီး

အောင်မိုးခံ

ဒီကနေ့ ပြည်ပနိုင်ငံအချို့က အမျိုးသားညီလာခံကြီးတွင် တရားဝင်နိုင်ငံရေးပါတီအချို့ ပါဝင်သင့်တယ်၊ ဒီပါတီ အဖွဲ့အစည်းအချို့ မပါဝင်တဲ့အတွက် တရားမဝင်သယောင် ပြောဆိုဝေဖန်နေပါတယ်။ သူတို့ ဝေဖန်နေတဲ့အတိုင်းသာဆိုရင် အဲဒီပါတီအဖွဲ့အစည်းအချို့ကို အစိုးရက ပစ်ပယ်ထားသလို၊ ပိတ်ပင်ထားသလို အဓိပ္ပာယ်သက်ရောက်နေပါတယ်။ အစိုးရက ပစ်ပယ်ပိတ်ပင်ထားတာလား၊ သူတို့အကြံအစည်နဲ့ သူတို့ တမင်သက်သက် မတက်ဘဲနေတာလားဆိုတာကို သိရအောင် အမျိုးသားညီလာခံကြီး ဘယ်လိုဖြစ်ပေါ်လာသလဲဆိုတဲ့အကြောင်း ပြန်ပြောင်းလေ့လာသင့်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ပြဿနာတွေကို ကိုယ်လိုသလို ဆွဲမယူသင့်ဘဲ ပကတိ အရှိအတိုင်းသာ ကြည့်သင့်၊ မြင်သင့်လို့ဖြစ်ပါတယ်။

၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲဟာ နိုင်ငံတော်မှာ လိုအပ်နေတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်လာရေးအတွက် ကျင်းပပေးတဲ့ ဥပဒေပြုရွေးကောက်ပွဲသာ ဖြစ်ပါတယ်။ ဒီရွေးကောက်ပွဲမှာ အများစုအရွေးခံရတယ်ဆိုတဲ့ ပါတီအဖွဲ့အစည်းက ဖွဲ့စည်းပုံဥပဒေမဲ့ အာဏာလွှဲဖို့ တောင်းဆိုလာတဲ့အတွက် ပြဿနာပေါ်ရတာပဲဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲဖို့အတွက် တစ်မျိုးသားလုံးကို ကိုယ်စားပြုတဲ့ အမျိုးသားညီလာခံကြီးကို တည်ဆဲအစိုးရက ခေါ်ယူကျင်းပပေးခဲ့ရတာပဲဖြစ်ပါတယ်။

၂၄-၄-၁၉၉၂ ရက်နေ့မှာ နိုင်ငံတော်က ကြေညာချက်အမှတ် (၁၁/၉၂) ကို ထုတ်ပြန်ပြီး အမျိုးသားညီလာခံ ခေါ်ယူရေးလုပ်ငန်းကို အစပြုခဲ့ပါတယ်။ ၂၈-၅-၁၉၉၂ ရက်နေ့မှာ နိုင်ငံတော်က အမိန့်အမှတ် (၉/၉၂)ဖြင့် ၁၉၉၂ ခုနှစ် ဇွန်လ ၂၃ ရက် နံနက် ၈ နာရီအချိန်၌ အလုံလမ်း သမ္မတ အိမ်တော်ဝင်း အစည်းအဝေးခန်းမတွင် အမျိုးသားညီလာခံ ကျင်းပရေးညှိနှိုင်းဆွေးနွေးပွဲ ခေါ်ယူမယ်လို့ ကြေညာခဲ့တယ်။ ဒီညှိနှိုင်းဆွေးနွေးပွဲသို့ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်မှ ကိုယ်စားလှယ် ၁၅ ဦး၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်မှ ခြောက်ဦး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ သုံးဦး၊ ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်မှ တစ်ဦး၊ မြို(ခေါ်)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့မှ တစ်ဦး၊ ရှမ်းပြည် ကိုးကန့်ဒီမိုကရက်တစ်ပါတီမှ တစ်ဦး၊ လားဟူ အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီမှ တစ်ဦးတို့ ပါဝင်တက်ရောက်ခဲ့ကြပါတယ်။

၂၈-၅-၁၉၉၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၃၅/၉၂)ဖြင့် အမျိုးသားညီလာခံကျင်းပရေး ညှိနှိုင်းဆွေးနွေးပွဲကို ဦးဆောင်ကျင်းပရန် ကော်မတီတစ်ရပ် ဖွဲ့စည်းပေးခဲ့ပါတယ်။ ဒီကော်မတီနဲ့ ဖိတ်ကြားထားတဲ့ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များဟာ ၂၃-၆-၁၉၉၂ ရက်နေ့မှစတင်ပြီး အမျိုးသားညီလာခံကျင်းပရေးအတွက် ညှိနှိုင်းခဲ့ကြပါတယ်။

နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနဲ့ ဆွေးနွေးညှိနှိုင်းရေး ဦးဆောင်ကော်မတီဝင် ၁၅ဦး စုစုပေါင်း ၄၄ ဦးတက်ရောက်ခဲ့ပါတယ်။ ၃၀-၆-၁၉၉၂ ရက်နဲ့ ၁၀-၇-၁၉၉၂ ရက်တို့မှာ ဆက်လက်ညှိနှိုင်း ဆွေးနွေးခဲ့ကြပါတယ်။ ဆွေးနွေးပွဲအောင်မြင်ပြီးဆုံးသော ၁၀-၇-၁၉၉၂ရက်နေ့မှာ ကော်မတီဥက္ကဋ္ဌက ဆွေးနွေးပွဲ ကိုယ်စားလှယ်အားလုံးကို ညစာစားပွဲနဲ့ ဂုဏ်ပြုဧည့်ခံခဲ့ပါတယ်။ နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ကိုယ်စားလှယ်များကို တွေ့ဆုံနှုတ်ဆက်အားပေးခဲ့ပါတယ်။ အဲဒီလိုတွေ့ဆုံဆွေးနွေးခဲ့တဲ့ ဆွေးနွေးပွဲရလဒ်အဖြစ် ကိုယ်စားလှယ် အစုအဖွဲ့ ရှစ်ဖွဲ့၊ ကိုယ်စားလှယ်ရွေးချယ်ပုံ နည်းလမ်းများနဲ့ ညီလာခံဦးတည်ချက်များကို သတ်မှတ်ခဲ့ကြပါတယ်။ ဒီအပေါ်လေ့လာကြည့်ခြင်းအားဖြင့် တပ်မတော်အစိုးရဟာ အမျိုးသားညီလာခံကြီးကို အများစုရွေးချယ်ခံထားရသော ပါတီအဖွဲ့အစည်းနဲ့ အရွေးချယ်ခံထားသော ပါတီအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနဲ့ ကြိုတင်ညှိနှိုင်းသဘောတူညီမှုနဲ့ စတင်ခဲ့တာဖြစ်တယ်။ တပ်မတော်အစိုးရ သဘောဆန္ဒတစ်ခုတည်းနဲ့ ဆောင်ရွက်ခဲ့တာ မဟုတ်ဘူးဆိုတာ ပေါ်လွင်ထင်ရှားနေပါတယ်။

အဲဒီလို သဘောတူညီချက်နဲ့ အမျိုးသားညီလာခံ ကိုယ်စားလှယ် အသီးသီးကို ရွေးချယ်ဖိတ်ကြားပြီး ၁၉၉၃ ခုနှစ် ဇန်နဝါရီလ ၉ ရက်နေ့မှာ အလုံလမ်း သမ္မတအိမ်တော်ဝင်းအတွင်းရှိ အစည်းအဝေးခန်းမမှာ အမျိုးသားညီလာခံကြီး စတင်ဖွင့်လှစ်ကျင်းပခဲ့ပါတယ်။ ညီလာခံကိုယ်စားလှယ် အစုအဖွဲ့ ရှစ်ဖွဲ့တွင် ကိုယ်စားလှယ် ၇၀၂ ဦးပါဝင်တယ်။ အဲဒီအစုအဖွဲ့ ရှစ်ဖွဲ့မှာ (၁) နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ (၂) ရွေးကောက်ပွဲတွင် အရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ (၃) တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ (၄) တောင်သူလယ်သမား ကိုယ်စားလှယ်များ (၅) အလုပ်သမား ကိုယ်စားလှယ်များ (၆) အတတ်ပညာရှင်၊ အသိပညာရှင် ကိုယ်စားလှယ်များ (၇) နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ (၈) အခြားဖိတ်ကြားသင့်တဲ့ ပုဂ္ဂိုလ်များ ပါဝင်ပါတယ်။ လူတန်းစားစုံ၊ အလွှာစုံ၊ တိုင်းရင်းသားလူမျိုးစုံ ကိုယ်စားလှယ်များ ဖြစ်ကြပါတယ်။

ဒီကနေ့ အမျိုးသားညီလာခံကြီးသို့ မတက်ရောက်တော့ဘဲ ဆန့်ကျင်နေတဲ့ တရားဝင်နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနဲ့ အရွေးချယ်ခံကိုယ်စားလှယ်များလည်း ၁၉၉၃ ခုနှစ် အမျိုးသားညီလာခံကို စုံညီစွာ တက်ရောက်ခဲ့ကြပါတယ်။ အဲဒီပထမဆုံး အမျိုးသားညီလာခံကြီးမှာ အခြေခံဥပဒေတွင် ပါဝင်ရမည့် အခန်းလိုက် ခေါင်းစဉ်(၁၅)ခုကို တစ်ခဲနက်သတ်မှတ်နိုင်ခဲ့ပါတယ်။ အခန်း(၁)လမ်းညွှန်အခြေခံမူ ၁၀၄ ချက် ချမှတ်နိုင်တယ်။ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံကို အခန်း(၂)တွင် ချမှတ်ခဲ့တယ်။ နိုင်ငံတော် အကြီးအကဲနဲ့စပ်ဆိုင်သော အခြေခံမူများကို အခန်း(၃)တွင် ချမှတ်ခဲ့တယ်။ အခန်း (၄၊ ၅၊၆) ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုင်ရာ အခြေခံမူများအနက် ဖွဲ့စည်းမှုဆိုင်ရာ အခြေခံမူများလည်း ချမှတ်ခဲ့ပြီး ဖြစ်ပါတယ်။

အဲဒီလို အမျိုးသားညီလာခံကြီးကို တစ်မျိုးသားလုံးကိုယ်စား စည်းလုံးညီညွတ်စွာ ကျင်းပနေစဉ်မှာပဲ ၁၉၉၅ ခုနှစ်မှာ ဒေါ်စုကြည်အိမ်တွင်းအကျယ်ချုပ်က ဆီးမိန့်ကလွတ်မြောက်လာတာနဲ့ မဆိုင်းမတွဘဲ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ကိုယ်စားလှယ်များဟာ အမျိုးသားညီလာခံကို ကျောခိုင်းထွက်ခွာသွားခဲ့ကြပါတယ်။ အဲဒီတုန်းက အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မယ်ဒလင်အောလ်ဘရိုက်ရောက်ရှိလာပြီး ဒေါ်စုကြည်နဲ့ တွေ့ဆုံခဲ့တယ်။ ဒီနောက်ပိုင်း ဒေါ်စုကြည်က အမျိုးသားညီလာခံဟာ အတုအယောင်သာဖြစ်တယ်လို့ သံယောင်လိုက်ပြောဆိုပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အမျိုးသားညီလာခံ ကိုယ်စားလှယ်များကို ညီလာခံကထွက်ခွာ စေခဲ့တာပဲ ဖြစ်ပါတယ်။ ဒါပေမယ့် သတ်မှတ်ထားတဲ့ ကိုယ်စားလှယ်အရေအတွက် ပြည့်ဝစွာနဲ့အမျိုးသားညီလာခံကြီးကို ဆက်လက်ကျင်းပလာခဲ့ပြီး ၁၉၉၆ ခုနှစ်မှာ ယာယီဆိုင်းငံ့ထားခဲ့ပါတယ်။ ဒါဟာလည်း နိုင်ငံတော်အစိုးရအနေနဲ့ အမျိုးသားသင့်မြတ် စည်းလုံးရေး၊ ဒီမိုကရေစီရေးအတွက် စိတ်ရှည်သည်းခံ အချိန်စောင့်တဲ့နည်း၊ ကိုယ်ပိုင်အတွေ့အကြုံရစေတဲ့ နည်းတွေနဲ့ ကြိုးပမ်းလာမှုဖြစ်ပါတယ်။

၂၀၀၃ ခုနှစ် သြဂုတ်လမှာ နိုင်ငံတော်အစိုးရဟာ တစ်မျိုးသားလုံး စည်းလုံးညီညွတ်စွာ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကို အကောင်အထည်ဖော်သွားနိုင်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ခိုင်မာစွာ ချမှတ်ကြေညာခဲ့ပါသည်။ ဒီမူဝါဒလမ်းစဉ်(၇)ရပ်နဲ့အညီ လူမျိုးပေါင်းစုံ၊ လူတန်းစားအလွှာပေါင်းစုံ ပါဝင်တဲ့ အစုအဖွဲ့ ရှစ်ခုမှ ကိုယ်စားလှယ်ပေါင်း တစ်ထောင်ကျော်ဖြင့် ယာယီအားဖြင့် ဆိုင်းငံ့ထားခဲ့သော အမျိုးသား ညီလာခံကြီးကို ၂၀၀၄ ခုနှစ် မေလ ၁၇ ရက်မှ ဇူလိုင်လ ၉ ရက်နေ့အထိ မော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းမှာ ယခင်ကထက် ပိုမိုကျယ်ပြန့်ခမ်းနားစွာ ဆက်လက်ကျင်းပခဲ့ပါတယ်။ ညီလာခံမကျင်းပမီ ယခင်ညီလာခံသို့ တက်ရောက်ခဲ့တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် အပါအဝင် တရားဝင်နိုင်ငံရေးပါတီ အဖွဲ့အစည်းများနဲ့ အရွေးချယ်ခံကိုယ်စားလှယ်များသို့ တာဝန်ကျေပွန်စွာ ဖိတ်ကြားခဲ့ပါတယ်။ ဒါပေမယ့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် စတဲ့အဖွဲ့အချို့က အမျိုးသားညီလာခံကို ဆက်လက် ဆန့်ကျင်ခဲ့ကြပါတယ်။

နိုင်ငံတော်အစိုးရအနေနဲ့ အဲဒီတစ်ဖွဲ့တစ်စုကြောင့် တစ်မျိုးသားလုံး အကျိုးစီးပွားဖြစ်တဲ့ အမျိုးသား ညီလာခံကြီးနဲ့ နိုင်ငံတော်ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ဘယ်လိုမှ အထိပါးခံမယ်မဟုတ်ပါ။ တစ်ဖွဲ့တစ်စု အကျိုးထက် တစ်မျိုးသားလုံး အကျိုးကိုသာ ရှေးရှုဆောင်ရွက်သွားမယ် ဖြစ်ပါတယ်။ ဒါဟာ အစိုးရတိုင်းရဲ့ တာဝန်လည်းဖြစ်ပါတယ်။ (Even the god cannot fulfil man’s wants) လူ့အလို နတ်မလိုက်နိုင်ဆိုတဲ့ စကားပုံလည်း ရှိပါတယ်။

ဒီကနေ့ အမျိုးသားညီလာခံကြီးရဲ့ အပိုင်းတစ်ပိုင်းကို အောင်မြင်စွာ ပြီးစီးခဲ့တဲ့အတွက် ယခုတစ်ဖန် ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်နေ့မှ စတင်ပြီး အမျိုးသားညီလာခံကြီးကို ဆက်လက်ကျင်းပနေပါတယ်။ အသေးစိတ် အခြေခံရမည့်မူများကို ဆွေးနွေးညှိနှိုင်းနေပြီ ဖြစ်ပါတယ်။ အမျိုးသားညီလာခံကြီးရဲ့ ဖြတ်သန်းလာတဲ့အစဉ်ကို ခြုံငုံသုံးသပ်ကြည့်မယ်ဆိုရင် နိုင်ငံတော် အစိုးရဘက်က အမျိုးသားသင့်မြတ်စည်းလုံးရေး၊ ဒီမိုကရေစီရေးအတွက် အကြိမ်ကြိမ်ဖိတ်ခေါ် လက်ကမ်းခဲ့ပေမယ့် အရွေးချယ်ခံ ပါတီအဖွဲ့အစည်းအချို့ဟာ ရည်ရွယ်ချက်ရှိရှိနဲ့ ဆန့်ကျင်လာခဲ့ကြတာဖြစ်ပါတယ်။ အထူးသဖြင့် ပြည်ပ နိုင်ငံကြီးအချို့ရဲ့ အလိုကျ အနောက်ဒီမိုကရေစီ ပုံတူကူးရေးနဲ့ အာဏာကို ဖြတ်လမ်းက ရယူရေးအတွက်ကြောင့် ဖြစ်နိုင်ပါတယ်။

ဒီနေ့ဒီအချိန်ဟာ တစ်မျိုးသားလုံး သင့်မြတ်စည်းလုံးစွာနဲ့ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်ကို တစ်စိတ်တစ်ဝမ်းတည်း လက်တွဲထူထောင်သွားရမယ့် အချိန်အခါကောင်း ဖြစ်ပါတယ်။

ပြည်ပနိုင်ငံကြီးအချို့က နိုင်ငံရေးပါတီအချို့ပါဝင်မှ အမျိုးသားညီလာခံဟာ တရားဝင်မယ်၊ နိုင်ငံရေးပါတီအချို့ ပါဝင်သင့်တယ်ဆိုတဲ့ ဝေဖန်ပြောဆိုမှုတွေဟာ မြန်မာတစ်မျိုးသားလုံး အကျိုးအတွက်မဟုတ်ဘဲ တစ်ဖွဲ့တစ်စု အတွက်သာဖြစ်နေပါတယ်။ ဒါကြောင့် နိုင်ငံတော်အစိုးရက တစ်ဖွဲ့တစ်စု အရေးထက် တစ်မျိုးသားလုံးအရေး၊ တစ်မျိုးသားလုံးအကျိုးစီးပွားဖြစ်တဲ့ အမျိုးသားညီလာခံကြီးကို နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်နဲ့အညီ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ငြိမ်းချမ်းစွာဖြစ်ပေါ်လာရေးအတွက် မမှိတ်မသုန်ရှေးရှုပြီး ခိုင်မာပြတ်သားစွာ ဆောင်ရွက်သွားမယ်ဆိုတာ တိုင်းသိ၊ ပြည်သိ၊ ကမ္ဘာသိ ကြေညာထားပြီးဖြစ်ကြောင်း အထူးတလည် တင်ပြလိုက်ရပါတယ်။ ။

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ်ဝန်ကြီးဌာနပြခန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁၃

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးသည် မတ်၁၁ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော် စစ်သမိုင်းပြတိုက်သို့ သွားရောက်၍ နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် စွမ်းအင်ဝန်ကြီးဌာန ပြခန်းနှင့် ဦးတည်ချက် (၁၂)ရပ်ပြခန်း၊ တိုင်းကျိုးပြည်ပြု ပြခန်းတို့မှ ဝန်ကြီးဌာနပြကွက်များကို အသေးစိတ်ကြည့်ရှုစစ်ဆေးပြီး ပြခန်းများ၏ ဦးတည်ချက်နှင့်အညီ ပြသရေး၊ ဝန်ကြီးဌာန၏ ကြိုးပမ်းဆောင်ရွက်မှုများ၊ အောင်မြင်မှုများ၊ ပြည်သူလူထု အသိအမြင်တိုးပွားစေရန် ပြကွက်များကို ခံ့ညားသပ်ရပ်စွာပြသရေး၊ စိတ်ဝင်စားဖွယ်ဖြစ်အောင် ခင်းကျင်းရေး၊ အချိန်မီပြီးစီးရေးတို့ကို ဆွေးနွေးမှာကြားသည်။

(သတင်းစဉ်)

ငွေကျပ် ၅၀တန် အောင်ဘာလေသိန်းဆု ဖွင့်ပွဲ ဧပြီ ၁ ရက်တွင် ကျင်းပမည်

ရန်ကုန် မတ် ၁၃

(၁၉၅) ကြိမ်မြောက် ငွေကျပ် ၅၀ တန် အောင်ဘာလေသိန်းဆု ဖွင့်ပွဲကို ဧပြီ ၁ ရက်တွင် အောင်ဘာလေသိန်းဆုဌာနခွဲ တည်ရှိရာ အမှတ် (၃၈၄) မဟာဗန္ဓုလလမ်းနှင့် (၃၇)လမ်းထောင့် ကျောက်တံတား မြို့နယ် ရန်ကုန်မြို့ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ နံနက် ၉ နာရီမှ စတင်၍ ညနေ ၄ နာရီအထိ တစ်ရက်တည်းဖြင့် အပြီး ဖွင့်လှစ်သွားမည်ဖြစ်သည်။

အပိုဆု

ဆုကြီးတစ်ဆုချင်း စနစ်အရ ငွေကျပ်သိန်း(၅၀) ၁၀ဆု၊ ငွေကျပ်(၂၅)သိန်း ၁၂ ဆု၊ မင်္ဂလာစုံတွဲစနစ်အရ ငွေကျပ်သိန်း (၅၀) (၁၉) ယူနစ်၊ ဖြည့်စွက်စနစ်အရ (၂)ယူနစ်နှင့် အပိုဆုစနစ်အရ ၂၄ ဆုတို့ကို တစ်ရက်တည်းဖြင့် ဖွင့်လှစ်ပေးမည်ဖြစ်သည်။

ဖွင့်လှစ်

ထို့ပြင် အောင်ဘာလေသိန်းဆုဌာနခွဲက ၁၉-၅-၂၀၀၀ နေ့စွဲဖြင့် ကြေညာထားသည့်အတိုင်း ငွေကျပ်သိန်း ၃၀၀ အထူးဆုကြီးတစ်ဆုကိုပါ ထည့်သွင်းဖွင့်လှစ်ပေးမည်ဖြစ်သည်။

ထို့ကြောင့် ဆုတန်ဖိုးအလိုက် ဆုမဲများမှာ ငွေကျပ်သိန်း(၃၀၀) လေးဆု၊ ငွေကျပ်သိန်း(၅၀) ၂၉ဆု၊ ငွေကျပ်(၂၅)သိန်း ၁၂ဆု၊ ငွေကျပ်(၆)သိန်း ၆၆၅ဆု၊ ငွေကျပ် (၅) သိန်းနှစ်ဆု၊ ငွေကျပ်(၄)သိန်းလေးဆု၊ ငွေကျပ်(၂) သိန်း ၁၅ဆု၊ ငွေကျပ်တစ်သိန်း ၁၇၁ဆု၊ ငွေကျပ်ရှစ်သောင်း ၂၄ဆု၊ ငွေကျပ်ငါးသောင်း ၁၇၁၀ ဆု၊ ငွေကျပ်လေးသောင်း ၄၆ဆု၊ ငွေကျပ်နှစ်သောင်း ၃၃၃ဆု၊ ငွေကျပ်တစ်သောင်းဆု ၁၇၁၀၀ စုစုပေါင်း ၂၀၁၁၂ ဆု ဖြစ်သည်။

လျှောက်ထား

(၁၉၅)ကြိမ်မြောက် ငွေကျပ်(၅၀) တန် ထီပေါက်သည့် ကံထူးရှင်များအား ဆုငွေထုတ်ပေးခြင်းကို ဧပြီ ၇ ရက်မှစ၍ လက်ခံဆောင်ရွက်ပေးမည် ဖြစ်ကြောင်းနှင့် ဆုငွေကျပ်(၅)သိန်းနှင့် အောက်ဆုငွေများကို ကိုယ်စားလှယ်လွှဲစာဖြင့် အောင်ဘာလေသိန်း ဆုဌာနခွဲတွင် လျှောက်ထားတင်ပြပြီး လာရောက် ထုတ်ယူနိုင်သည်။

(သတင်းစဉ်)

ခုနစ်ရက်တရားစခန်း

ရန်ကုန် မတ် ၁၃

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ်(၄)ရပ်ကွက် မနောသုခကျောင်းတိုက် မိုးကုတ်အဖွဲ့ခွဲ ၁၂၅ တွင် (၅၁) ကြိမ်မြောက် ခုနစ်ရက် တရားစခန်းကို ဧပြီ ၁၁ ရက်မှ ၁၇ ရက်ထိ ဖွင့်လှစ်မည်ဖြစ်ရာ ဓမ္မကထိကဆရာတော် ဘဒ္ဒန္တ ပရမကြီးမှူး၍ ကမ္မဋ္ဌာနာစရိယ အရှင်ဥတ္တရဝံသနှင့် ပဋိစ္စသမုပ္ပါဒ် သင်တန်းပြဆရာ ဦးကျော်မင်း၊ ဆရာမ ဒေါ်ဝိဇ္ဇာသိဂ်ိတို့က မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဟောကြားပြသမည် ဖြစ်သည်။

(က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၄-၃-၂၀၀၅ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၄:၁၅	၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၅	၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၅	၆။ မျိုးချစ်တပ်မတော်
၄:၄၅	၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၀၀	၈။ **မမှောင်သောအလင်းအပိုင်း(၂)**
၅:၃၀	၉။ မြဝတီရုပ်မြင်သံကြားမဂ္ဂဇင်းကဏ္ဍ
၅:၄၅	၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၂။ နိုင်ငံတကာသတင်း
၆:၂၀	၁၃။ မိုးလေဝသသတင်း
၆:၂၅	၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀	၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရင်မှာတိုးဝှေ့မွှေးနေဆဲ" (အပိုင်း-၁၄)**
၈:၀၀	၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၉။ မေးမြန်းစူးစမ်း
	၂၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ပညာဉာဏ်ကြီးဘုန်းမီးနေလ" (အပိုင်း-၂၅)**
	၂၂။ သင့်အတွက်မနက်ဖြန်
	၂၃။ အပိတ်နှုတ်ဆက်စကား
	၂၄။ ပြီးပါပြီ။

စက်မှုလယ်ယာကဏ္ဍအစားထိုးပြီး နှစ်ရှည်သီးနှံများပါတိုးချဲ့စိုက် လုပ်ငန်းရှင်ကြီးများ စီးပွားဖြစ်ရင်းနှီးမြှုပ်နှံစိုက်ပျိုးရန် ပံ့ပိုးဆောင်ရွက် နေရာဒေသတိုင်း ဝမ်းစာဖူလုံရေး တိုးတက်ရန်ဒေသခံပြည်သူများကြိုးပမ်း

ရန်ကုန် မတ် ၁၃

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မောင်မောင်ဆွေ၊ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် တာဝန်ရှိသူများလိုက်ပါလျက် မတ် ၁၀ရက် နံနက် ၉နာရီခွဲတွင် မြစ်ကြီးနားတပ်နယ်ခန်းမ၌ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအားတွေ့ဆုံ၍ ဒို့တာဝန်အရေး(၃)ပါးကိုဦးထိပ်ပန်ဆင်ပြီး ပြည်သူလူထု၏ အကျိုးစီးပွားကို သယ်ပိုးဆောင်ရွက်ကြရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ကြီး(၅)ရပ်ကို ဒေသခံပြည်သူများနှင့်လက်တွဲဆောင်ရွက်ကြရေး၊ မိသားစုဝင်များ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ သက်သာချောင်ချိရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်က ဖြည့်ဆည်းဆောင်ရွက်ကြရေး၊ တစ်ပိုင်တစ်နိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို စံနမူနာအဖြစ်ဆောင်ရွက်ကြရေးတို့နှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

တွေ့ဆုံပွဲအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် အရာရှိ၊ စစ်သည်များနှင့် မိသားစုများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက်ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် အဖွဲ့ဝင်များလိုက်ပါလျက် နံနက် ၁၀နာရီခွဲတွင် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆွေးနွေးမှာကြားသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေက ကချင်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ မြေအသုံးချမှု၊ လယ်ယာမြေဖော်ထုတ်ရေးနှင့် အဓိကသီးနှံ ၁၀မျိုး စိုက်ပျိုးထုတ်လုပ်မှု၊ ကုန်ထုတ်လုပ်မှုနှင့် ကုန်သွယ်မှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် လူတစ်ဦးချင်းဝင်ငွေ၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍရပ်များကို အသေးစိတ်ရှင်းလင်းတင်ပြသည်။

အမှာစကားပြောကြား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အမှာစကားပြောကြားရာ၌ ကချင်ပြည်နယ်သည် စိုက်ပျိုးမြေဧရိယာများပြားသော်လည်း စိုက်ဧကနည်းပါးမှု ရှိသည်ကိုတွေ့ရကြောင်း၊ လယ်ယာမြေအများအပြား မစိုက်ပျိုးသည်ကို တွေ့ရှိရကြောင်း၊ သမားရိုးကျထွန်ယက်စိုက်ပျိုးမှုအစား စက်မှုလယ်ယာကဏ္ဍကို အစားထိုးပြီး ထွန်ယက်စိုက်ပျိုးရန်လိုကြောင်း၊ နှစ်ရှည်သီးနှံများကိုပါ တိုးချဲ့စိုက်ပျိုးနိုင်ပါက စိုက်ပျိုးရေးကဏ္ဍ ယခုထက်ပိုမို ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများကိုလည်း လယ်ယာကဏ္ဍတွင် စီးပွားဖြစ်ရင်းနှီးမြှုပ်နှံစိုက်ပျိုးနိုင်ရန် တာဝန်ရှိသူများက ပံ့ပိုးဆောင်ရွက်ပေးရန်လိုကြောင်း၊ ပြည်နယ်အနေဖြင့် ဒေသဝမ်းစာ ပိုလျှံသော်လည်း နေရာဒေသတိုင်း ဝမ်းစာဖူလုံရေးတိုးတက်ရန် ဒေသခံပြည်သူများ ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ယခုနှစ်တွင် မိုးစပါး ၈၆၇၂၈ဧက တိုးချဲ့စိုက်ပျိုးရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ သက်ဆိုင်ရာစိုက်ပျိုးရေးဝန်ထမ်းများက ရည်မှန်းချက် အောင်မြင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စိုက်ပျိုးကြရန်လိုကြောင်း၊ ထို့ပြင် ကချင်ပြည်နယ်၏ ရေမြေသဘာဝအရ ကြံသီးနှံကိုလည်း စီးပွားဖြစ်တိုးချဲ့ စိုက်ပျိုးကြရန် တိုက်တွန်းလိုကြောင်း၊ စိုက်ပျိုးရေးအတွက် မြေအနေအထားနှင့် ရာသီဥတုပေး၍ မြေလွတ်မြေရိုင်းများကို အလဟဿအလွတ်မထားဘဲ မိမိဒေသနှင့် ကိုက်ညီသည့် ရော်ဘာအပါအဝင် အဓိကသီးနှံများကို စိုက်ပျိုးကြရန်ဖြစ်ကြောင်း၊ မိုးစပါးအပြီး ပဲမျိုးစုံစိုက်ပျိုးရန် ကိုက်ညီသည့်ဒေသများတွင် ပဲမျိုးစုံတိုးချဲ့စိုက်ပျိုးရန် တာဝန်ရှိသူဝန်ထမ်းများက ကြိုးပမ်းကြဆကြရန်လိုကြောင်း၊ မွေးမြူရေးအနေဖြင့်လည်း ဒေသနှင့်ကိုက်ညီမည့် ငါးမွေးမြူရေးလုပ်ငန်းကို တစ်ပိုင်တစ်နိုင်မှ စီးပွားဖြစ်အထိ မွေးမြူကြရန်လိုအပ်ကြောင်း၊ သို့မှသာ တစ်ဦးချင်းဝင်ငွေ တိုးတက်လာပြီး မိမိဒေသ၊ မိမိပြည်နယ်လည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ဌာနဆိုင်ရာ ဝန်ထမ်းများအနေဖြင့်လည်း မိမိတာဝန်ကျရာ ဒေသအတွင်း အောက်ခြေအထိ ကွင်းဆင်းဆောင်ရွက်ကြရန်လိုကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်မှု ပိုမိုကောင်းမွန်ပါမှ နိုင်ငံတော်ကြီးတစ်ခုလုံး ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲက ပြည်ထောင်စုတစ်ဝန်းလုံး ကွက်လပ်မကျန် ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ပေးလျက်ရှိရာ ဝန်ထမ်းများကလည်း မည်သည့်ဒေသရောက်ရောက် ကျရာတာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ပြီး မိမိနိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ လိုအပ်ချက်များရှိပါကလည်း တင်ပြနိုင်ကြောင်းဖြင့် ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဧရာဝတီမြစ်ကူးဗလမင်းထင်တံတားသို့ရောက်ရှိကြပြီး တံတားကြီး၏ ကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁၅)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသက်က တံတားကြီး အစဉ်ကြံ့ခိုင်ရေးအတွက် ဆောင်ရွက်နေမှု၊ ရေလမ်းကြောင်းစီးဆင်းမှု၊ ပြန်လည်ပြင်ဆင်မွမ်းမံဆောင်ရွက်နေမှု၊ မြစ်ရေကြီးပါက တိုက်စားပျက်စီးမှုမဖြစ်ပေါ်စေရန် ကျောက်စီရေလွှဲရေကာတစ်ခုပြုလုပ်ဆောင်ရွက်နေမှု၊ အောက်ခြေအုတ်စီမြေကာနံရံ ၄၅ပေကို ပြန်လည်မွမ်းမံမှု၊ ကျောက်စီတမံပေ ၁၆၀ကို ပြန်လည်မွမ်းမံမှု၊ မြစ်ကမ်းထိန်းကျောက်စီတမံပေ ၂၄၀နှင့် မြစ်ကမ်းထိန်းကျောက်စီတမံအဆုံး ထိပ်ပေ ၂၀ ကို အသစ်ပြန်လည်ပြုပြင်မှု၊ သံကူကွန်ကရစ်တိုင်များ ပြန်လည်မွမ်းမံမှုများကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တံတားကြီး ရေရှည်တည်တံ့ကောင်းမွန်ရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်က မျက်ခြည်မပြတ်ပြုပြင်ထိန်းသိမ်းဆောင်ရွက်ကြရေးတို့နှင့်စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် တံတားကြီး၏ ကြံ့ခိုင်မှုအခြေအနေများကို မြစ်ကြီးနားဘက်ကမ်းမှလည်းကောင်း၊ ဝိုင်းမော်ဘက်ကမ်းမှလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

အစိုးရကွန်ပျူတာကောလိပ်

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် အစိုးရကွန်ပျူတာကောလိပ် (မြစ်ကြီးနား)သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ အစိုးရကွန်ပျူတာ ကောလိပ်(မြစ်ကြီးနား)ကျောင်းအုပ်ကြီး ဒေါက်တာနှင်းမင်းဦးက ကောလိပ်၏နောက်ခံသမိုင်းကြောင်း၊ သင်ကြားရေးဆိုင်ရာ ဆောင်ရွက်မှုအခြေအနေ၊ ဆရာ၊ ဆရာမ အင်အား၊ ကျောင်းသားဦးရေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစိုးရနည်းပညာကောလိပ်(မြစ်ကြီးနား)ကျောင်းအုပ်ကြီး ဦးအောင်မိုးက သင်ကြားရေးဆိုင်ရာဆောင်ရွက်မှု၊ ဆရာ၊ ဆရာမအင်အား၊ ကျောင်းသားဦးရေတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် Ever Green ဆောက်လုပ်ရေးကုမ္ပဏီတာဝန်ခံအင်ဂျင်နီယာ ဦးစန်းဦးက အစိုးရနည်းပညာကောလိပ် ဆောက်လုပ်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးပြီး အစိုးရနည်းပညာကောလိပ် တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်ရှိ အလယ် Portion အဆောင်အပါအဝင် တည်ဆောက်နေမှုအခြေအနေများကို အသေးစိတ်လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားသည်။

အစိုးရနည်းပညာကောလိပ်(မြစ်ကြီးနား)တည်ဆောက်ရေး စီမံကိန်းကို ၂၀၀၄ခုနှစ် ဇန်နဝါရီ ၁၂ရက်တွင် ပန္နက်တင်ဆောင်ရွက်ခဲ့ပြီး မတ် ၁ရက်တွင် လုပ်ငန်းများကိုစတင်၍ အရှိန်အဟုန်မြင့် ဆောင်ရွက်ခဲ့သည်။ ကျောင်းဝင်းဧရိယာ ၁၅၀ ဒသမ ၆၂ဧက၊ လမ်းမကြီးအရှည်ပေ ၁၅၇၀၊ မြက်စိုက်ပြီးအရှည်ပေ ၁၃၀၀ရှိပြီး အဆောက်အအုံမှာ အလျား ၅၁၃ပေ၊ အနံ ၃၅၈ပေနှင့် အဆောက်အအုံအမျိုးအစားမှာ သံကူကွန်ကရစ် R-C သုံးထပ်အဆောက်အအုံဖြစ်ကြောင်းသိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မြစ်ကြီးနားလေဆိပ်မှ မြန်မာ့လေကြောင်းခရီးဖြင့်ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

အလက(၁)သင်္ဃန်းကျွန်း ၂၀၀၄-၂၀၀၅ ပညာသင်နှစ် မူလတန်း၊ အလယ်တန်းဆင့် ပညာသင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ပွဲကို မတ် ၁၀ရက်ကကျင်းပရာ အဋ္ဌမတန်းမှ မသဥ္ဇာဝတ်ရည်ဝင်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီသန်းက သင်ယူပြီးမြောက်ခြင်းလက်မှတ်ပေးအပ်စဉ်။ (က-ပ)

ဘောဂဝတီကျောင်း သကြံန်တရားစခန်း

ရန်ကုန် မတ် ၁၃

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏမြို့ (ဂ) ရပ်ကွက် ကံ့ကော်မြိုင်လမ်းရှိ ဘောဂဝတီကျောင်း၌ သကြံန်တရားစခန်းကို ဧပြီ ၁၁ရက်မှ ၁၇ရက်အထိ ကျင်းပမည်ဖြစ်သည်။

တရားစခန်းတွင် နယ်လှည့်ဓမ္မကထိက ဆရာတော် အရှင်ဝိစာရက မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယ အတိုင်း သစ္စာလေးပါးတရားတော်များကို ဟောကြားမည်ဖြစ်၍ တရားစခန်းဝင်လိုသောယောဂီများ ဧပြီ ၁၁ရက် ညနေအရောက် လာရောက်ကြရန် နှိုးဆော်ထားသည်။ (က-ပ)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ဧရာဝတီမြစ်ကူး ဗလမင်းထင် တံတားအား ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် မတ် ၁၃

ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်)၏ (၅၄)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို မတ် ၂၀ရက်(တနင်္ဂနွေနေ့)နံနက် ၈ နာရီတွင်ပန်းဘဲတန်းမြို့နယ်သိမ်တော်ကြီး၌ ကျင်းပမည်ဖြစ်သည်။

အသက်(၇၅)နှစ်အထက်သက်ကြီးများနှင့် ၂၀၀၄ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးဖြင့်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများ၏ စာရင်းကို မတ် ၁၅ရက်နောက်ဆုံးထား၍ အသင်းတိုက် ဖုန်း-၂၂၆၅၉၀ သို့ ဆက်သွယ်ပေးပို့နိုင်ပြီး အသင်းကြီး၏ ဆရာကန်တော့ပွဲကို မေ ၁ ရက် တွင် ဝါးခယ်မမြို့၌လည်းကောင်း၊ မေ ၈ရက်တွင် ရန်ကုန်မြို့၌လည်းကောင်း ကျင်းပမည်ဖြစ်သည်။ (က-ပ)

လုပ်ငန်းများ ဆောင်ရွက်မှုနှင့် လုပ်ငန်းကဏ္ဍအလိုက် ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က ရေယူဥမင်လိုဏ်ဖောက်လုပ်ပြီးစီးမှုနှင့် စက်ပစ္စည်းများဝယ်ယူမှုအခြေအနေကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်က ပင်မတမံတည်ဆောက်ခြင်းလုပ်ငန်းနှင့် လုပ်ငန်းပြီးစီးမှုအလိုက် တမံအတွင်းရေသိုလှောင်သွားနိုင်မည့် အခြေအနေများကိုရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက စီမံကိန်းလုပ်ငန်းများအတွက် စက်သုံးဆီပေးဝေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက စီမံကိန်းလုပ်ငန်းကို ဖြစ်နိုင်သမျှ အချိန်စောပြီးစီးရေး၊ စနစ်တကျသေချာစွာလုပ်ကိုင်ရေးတို့နှင့်စပ်လျဉ်း၍ မှာကြားသည်။

လမ်းညွှန်မှာကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကရင်ပြည်နယ် သံတောင်–တောင်စခန်းမြို့ ဘုရင့်နောင်ခန်းမ၌ ဘုရင်နောင်တပ်နယ်မှ တပ်မတော်သားများနှင့် မိသားစုများ၊ သင်တန်းသားများအား တွေ့ဆုံလမ်းညွှန်မှာကြားစဉ်။ (သတင်းစဉ်)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဦးစီးဌာန အမှတ်(၃) တည်ဆောက်ရေးတို့က တာဝန်ယူ အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်သည်။

စီမံကိန်းကို အုတ်တွင်းမြို့နယ် ခပေါင်းချောင်း၌ တည်ဆောက်အကောင်အထည်ဖော်နေခြင်းဖြစ်သည်။ စီမံကိန်းအရ တမံအလျားပေ ၉၂၀၊ တမံအမြင့်ပေ ၂၀၀ရှိမြေသားတမံ တည်ဆောက်သွားမည်ဖြစ်သည်။ စီမံကိန်းအကောင်အထည်ဖော်မှုကြောင့် လယ်မြေဧရိယာဧက တစ်သိန်းကို ရေပေးသွင်းစိုက်ပျိုးနိုင်မည်ဖြစ်ပြီး လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၃၀ ထုတ်ယူရရှိမည်ဖြစ်သည်။

ခပေါင်းရေလှောင်တမံစီမံကိန်း

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ခပေါင်းရေလှောင်တမံဘက်စုံစီမံကိန်းကို ကြည့်ရှုစစ်ဆေးကြပြီး ညနေပိုင်းတွင် ရဟတ်ယာဉ်များဖြင့် တောင်ငူမြို့သို့ ရောက်ရှိကြရာ တပ်မမှူး ဗိုလ်မှူးချုပ်ခင်ဇော်ဦး၊ ပျဉ်းမနားတပ်နယ်မှ ဗိုလ်မှူးချုပ်ဝင်းမြင့်၊ တောင်ငူတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်အောင်နှင့်တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် မတ် ၁၂ရက် နံနက်ပိုင်းတွင် တောင်ငူမြို့ ကန်တော်ကြီး သာယာလှပရေး ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ တောင်ငူမြို့ ဖွံ့ဖြိုးမှုအခြေအနေများကိုလည်းကောင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

သံတောင်–တောင်စခန်းမြို့

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် တောင်ငူမြို့မှ ကရင်ပြည်နယ် သံတောင်မြို့နယ် သံတောင်–တောင်

သံတောင်–ေ...
ပြည်နယ် သံ...
တောင်ငူမြို့မှ ...
ပင်လယ် ရေမျက်...
တွင် တည်ရှိသေ...
အပန်းဖြေ ခရီး...
ကားလမ်းဖြင့်...
အပန်းဖြေနိုင်၊...

စခန်းမြို့သို့ ရောက်ရှိကြရာ ဒုတိယတပ်မ... ဗိုလ်ချုပ်အောင်ကြည်နှင့် တာဝန်ရှိသူများက...

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်...ရဟတ်ယာဉ်ရပ်နားသည့် တောင်ကုန်းမှ... သာယာလှပမှုများကို ကြည့်ရှုကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်... တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချု... ပြည်နယ် သံတောင်မြို့နယ် သံတောင်–တောင်... ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး... စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက သံ... တိုးတက်မှုနှင့် ဆက်လက်ဆောင်ရွက်ထားရှိမှု... တင်ပြစဉ်။

ခပေါင်းရေလှောင်တမံဘက်စုံစီမံကိန်းလုပ်ငန်းကို ဖြစ်နိုင်သမျှ အချိန်စောပြီးစီးရေး စနစ်တကျ သေချာစွာလုပ်ကိုင်ရေးနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေမှာကြား

✧ **ရှေ့ဖုံးမှ**

အလက်များ၊ ဆည်မြောင်းဦးစီးဌာန၏ စီမံကိန်းလုပ်ငန်းပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဖြည့်စွက်ရှင်းလင်း

ဆက်လက်၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်က ခပေါင်းရေအားလျှပ်စစ်စီမံကိန်း

ခပေါင်းရေလှောင်တမံဘက်စုံစီမံကိန်း

☆ အုတ်တွင်းမြို့နယ် ခပေါင်းချောင်း၌ တည်ဆောက် အကောင်အထည်ဖော်နေ၊

☆ စီမံကိန်းအရ တမံအလျားပေ ၉၂၀၊ အမြင့်ပေ ၂၀၀ ရှိ မြေသားတမံ တည်ဆောက်သွားမည်၊

☆ စီမံကိန်း အကောင်အထည်ဖော်မှုကြောင့် လယ်မြေဧရိယာဧက တစ်သိန်းကို ရေပေးသွင်း စိုက်ပျိုးနိုင်မည်ဖြစ်ပြီး လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၃၀ ထုတ်ယူရရှိမည်၊

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ရှုရပ်မှ ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်း၏ ပင်မတမံတည်နေရာနှင့် စက်ယန္တရားကြီးများဖြင့် လုပ်ငန်းဆောင်ရွက်နေမှုများ၊ လုပ်ငန်းပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

အကောင်အထည်ဖော်

ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်းကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၅)နှင့်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား အုတ်တွင်းမြို့နယ်ရှိ ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်း ရှင်းလင်းဆောင်၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

သံတောင်-တောင်စခန်းမြို့သည် ကရင်ပြည်နယ် သံတောင်မြို့နယ်၌ တည်ရှိ၊ တောင်ငူမြို့မှ ၂၈ မိုင်သာ ကွာဝေးသည့် ပင်လယ်ရေမျက်နှာပြင် အထက်ပေ ၄၀၅၀ တွင် တည်ရှိသော တောင်စခန်းမြို့ဖြစ်၊ အပန်းဖြေ ခရီးသွားလိုသူများ အနေဖြင့် ကားလမ်းဖြင့် အလွယ်တကူ ရောက်ရှိ အပန်းဖြေနိုင်၊

စခန်းမြို့သို့ ရောက်ရှိကြရာ ဒုတိယတပ်မတော် လေ့ကျင့်ရေး အရာရှိချုပ် ဗိုလ်ချုပ်အောင်ကြည်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်ရပ်နားသည့် တောင်ကုန်းမှ သံတောင်-တောင်စခန်းမြို့၏ သာယာလှပမှုများကို ကြည့်ရှုကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ကရင်ပြည်နယ် သံတောင်မြို့နယ် သံတောင်-တောင်စခန်းမြို့ ဘုရင့်နောင်ရိပ်သာ၌ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက သံတောင်-တောင်စခန်းမြို့ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဆက်လက်ဆောင်ရွက်ထားရှိမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် သံတောင်-တောင်စခန်းမြို့ကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးကြသည်။

ဘုရင့်နောင်တပ်မြို့

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ဘုရင့်နောင်တပ်မြို့သို့ ရောက်ရှိကြရာ ဘုရင့်နောင်ရိပ်သာ၌ တိုင်းမှူးဗိုလ်ချုပ်ကိုကိုက သံတောင်-တောင်စခန်းမြို့ ဖွံ့ဖြိုးတိုးတက်ရေး၊ သာယာလှပရေးဆောင်ရွက်ထားမှုများ၊ ၁၈မိုင်ရှည် သံတောင်ကြီး-လိပ်သိုလမ်း တိုးချဲ့ဖောက်လုပ်နေမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အမှတ်(၁) စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်းက သံတောင်ကြီး-လိပ်သိုကားလမ်း ဘေးဝဲ/ယာတစ်လျှောက်၌ စင်ကိုနာပင်များ စိုက်ပျိုးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆောင်ရွက်ရန် လမ်းညွှန်ခဲ့မှုများအပေါ် စည်ပင်သာယာရေးဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြသည်။

မှာကြား

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ပြင်ဦးလွင်မြို့၊ ကလောမြို့တို့ကဲ့သို့ သံတောင်-တောင်စခန်းမြို့ကို အောက်မြန်မာပြည်၏ တောင်ပေါ်အပန်းဖြေစခန်းဖြစ်အောင် တည်ဆောက်သွားရန်၊ ဆွဲဆောင်မှုရှိသည့် အပန်းဖြေစခန်းတစ်ခုဖြစ်အောင် အဆင့်ဆင့်တည်ဆောက်သွားရန်မှာကြားသည်။

သံတောင်-တောင်စခန်းမြို့သည် ကရင်ပြည်နယ် သံတောင်မြို့နယ်၌ တည်ရှိသည်။ တောင်ငူမြို့မှ ၂၈မိုင်သာ ကွာဝေးသည့် ပင်လယ်ရေမျက်နှာပြင် အထက်ပေ ၄၀၅၀တွင်တည်ရှိသော တောင်စခန်းမြို့ဖြစ်ပြီး အပန်းဖြေခရီး

တွေ့ဆုံနှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကရင်ပြည်နယ် သံတောင်-တောင်စခန်းမြို့ ဘုရင့်နောင် ခန်းမ၌ ဘုရင့်နောင် တပ်နယ်မှ တပ်မတော်သားများနှင့် မိသားစုများ၊ သင်တန်းသားများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

သွားလိုသူများအနေဖြင့် ကားလမ်းဖြင့် အလွယ်တကူရောက်ရှိ အပန်းဖြေနိုင်သည့် တောင်ပေါ်အပန်းဖြေစခန်းမြို့လေးဖြစ်သည်။

သံတောင် - တောင်စခန်းမြို့၌ ဟိုတယ်ဇုန်သုံးဇုန်ကိုလည်း သတ်မှတ်ထားရာ ယခုအခါတည်းခိုဆောင်များ ဆောက်လုပ်လျက်ရှိကြသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၁နာရီခွဲတွင် ဘုရင့်နောင် ခန်းမ၌ ဘုရင့်နောင် တပ်နယ်မှ တပ်မတော်သားများနှင့် မိသားစုများ၊ သင်တန်းသားများနှင့် တွေ့ဆုံသည်။

ပဏာမအမှာစကားပြောကြား

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီး ဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းက ပဏာမအမှာစကားပြောကြားသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လိုအပ်သည်များကို အကျယ်တဝင့် လမ်းညွှန်မှာကြားပြီး တပ်မတော်သားများနှင့် မိသားစုများ၊သင်တန်းသားများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် တောင်ငူမြို့သို့ ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ဘုရင့်နောင်တပ်မြို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်) ဒုတိယကျောင်းအုပ်ကြီးဗိုလ်မှူးကြီးခင်မောင်လှက ဘုရင့်နောင်တပ်မြို့၌ ဖွင့်လှစ်လျက်ရှိသည့် သင်တန်းများ၊စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ဆောင်ရွက်ပြီးစီး

ယင်းနောက် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုး တိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က သံတောင်မြို့ကို အဆင့်မြှင့်ခြင်းနှင့် တောင်စခန်းမြို့အဖြစ် တည်ဆောက်မှုအခြေအနေများ၊ သံတောင်-တောင်စခန်းမြို့သို့လာရောက်သည့် ကားလမ်းတိုးတက်ကောင်းမွန်ရေး ဆောင်ရွက်ထားမှု၊ တောင်စခန်းမြို့ ရေရရှိရေး၊ လျှပ်စစ်မီးရရှိရေးဆောင်ရွက်ပြီးစီးမှု၊ ဟိုတယ်ဇုန်များ သတ်မှတ်ချပေးခဲ့ရာ လုပ်ငန်းရှင်များက အပန်းဖြေအနားယူနိုင်သည့် အဆောက်အအုံများလာရောက်ဆောက်လုပ်ထားမှုနှင့်အပန်းဖြေလာရောက်မှုများ၊ ၁၆ခုတင်ဆံ့ဆေးရုံအဆင့်ရရှိထားမှုများ၊ကော်ဖီ၊လက်ဖက်၊ ဖာလာ၊ငရုတ်ကောင်း၊ စင်ကိုနာ၊တညင်း၊ ဒူးရင်းပင်များ စိုက်ပျိုးထားမှုများ စသည့် သံတောင်-တောင်စခန်းမြို့ တည်ဆောက်ရေးစီမံကိန်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီးကသံတောင်-တောင်စခန်းမြို့သို့ ၂၀၀၁ခုနှစ်တွင် ဗိုလ်ချုပ်မှူးကြီးရောက်ရှိစဉ် တောင်စခန်းမြို့ ဖွံ့ဖြိုးတိုးတက်သာယာလှပရေး

နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း ကရင်ပြည်နယ် သံတောင်-တောင်စခန်းမြို့ ဘုရင့်နောင်ခန်းမ၌ ဘုရင့်နောင် တပ်နယ်မှ တပ်မတော်သားများနှင့် မိသားစုများ၊ သင်တန်းသားများအားအမှာ စကားပြောကြားစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲရေး နိုင်ငံသားတိုင်းတွင်တာဝန်ရှိ မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ပြည်ထောင်စုသားများ ကိုယ့်အားကိုယ်ကိုးတည်ဆောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ကော့သောင်းခရိုင် ခမောက်ကြီးမြို့နယ်အတွင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁၃

တနင်္သာရီတိုင်း ကော့သောင်းမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာများလိုက်ပါလျက် မတ် ၇ရက် နံနက်ပိုင်းတွင် ကော့သောင်းခရိုင် ခမောက်ကြီးမြို့နယ်အတွင်းရှိ ဆီအုန်းစိုက်ခင်းများ၊ ဒေသတွင်းစိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို တနင်္သာရီတိုင်း ယုဇနကုမ္ပဏီ၏ ဆီအုန်း ဆီကြိတ်စက်ရုံ တည်ဆောက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပါချန်ကြိုးဝိုင်းကြည့်ရှု

ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် ကော့သောင်းမြို့မှ ကော့သောင်း-ဘုတ်ပြင်း ပြည်ထောင်စုလမ်းမကြီးအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာကြ၍ မာရမ်းကျေးရွာသို့ ဆက်သွယ် ဖောက်လုပ်ထားသော ၁၇မိုင်ရှည်လျားသည့် မြေသားလမ်းကို ကြည့်ရှုစစ်ဆေးပြီး ပါချန်ကြိုးဝိုင်းသစ်တောအတွင်းရှိ ရှုရပ်ကုန်းသို့ ရောက်ရှိကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ပါချန်ကြိုးဝိုင်းသစ်တော ရှုရပ်ကုန်းပေါ်မှ ပါချန်မြစ်နှင့် ပတ်ဝန်းကျင်ဒေသအခြေအနေ၊ ပါချန်ကြိုးဝိုင်းသစ်တောအတွင်း သစ်ပင်သစ်တောများ၏ စိမ်းလန်းစိုပြည်မှုများကို ကြည့်ရှုလေ့လာသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များသည် ခမောက်ကြီးမြို့နယ်ရှိ အောင်ချမ်းသာကျေးရွာသို့ ရောက်ရှိကြပြီး နယ်မြေခံတပ်နယ်က စိုက်ပျိုးသော စပါးစိုက်ခင်းတွင် တပ်မတော်သားများ စပါးနယ်လှေ့နေမှုကို ကြည့်ရှုအားပေးရာ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုအား နယ်မြေခံတပ်နယ်မှ စိုက်ပျိုးရေးလုပ်ငန်းတာဝန်ခံ ဗိုလ်ကြီးတင်မောင်အေးက အောင်ချမ်းသာကျေးရွာ၌ စပါးစိုက်ဧက ၁၀၀ ဒသမ ၃၆ ဧကကို မိုးစပါးအဖြစ် စိုက်ပျိုးခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆုလက်ဆောင်ပေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ပတ်ဝန်းကျင်မှ တောင်သူလယ်သမားများအား မိမိတို့တပ်မတော်က စံနမူနာပြအဖြစ် စပါးစိုက်ပျိုးဖြစ်ထွန်းအောင်မြင်မှုကို သိရှိလုပ်ကိုင်ဆောင်ရွက်လာစေရေး၊ ဆက်လက်၍ တိုးချဲ့စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေးတို့နှင့် စပ်လျဉ်း၍ မှာကြားပြီး စိုက်ကွင်းရှိ တပ်မတော်သားများအား ဆုလက်ဆောင်များကို ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များသည် လမ်းတစ်လျှောက်ရှိ ကုန်းမြင့်လယ်ယာ စပါးနှင့် ဆီအုန်းစိုက်ခင်းများ အခြေအနေ၊ သစ်ပင်သစ်တောများ စိမ်းလန်းစိုပြည်စွာ သဘာဝအလျောက် ပေါက်ရောက်ဖြစ်ထွန်းနေမှုအခြေအနေ၊ မာရမ်းကျေးရွာသွား မြေသားလမ်းအခြေအနေနှင့် ဆီအုန်းစိုက်ပျိုးရန် မြေယာရှင်းလင်းနေမှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုသည်။

နယ်စပ်ကျေးရွာ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များသည် ခမောက်ကြီးမြို့နယ် ပါချန်မြစ်ကမ်းပေါ်၌ တည်ရှိသော မြန်မာနိုင်ငံ နယ်စပ်အစွန်အဖျား ကျေးရွာဖြစ်သည့် ဆိပ်ဖူးကျေးရွာသို့ ရောက်ရှိကြပြီး ဆိပ်ဖူးကျေးရွာ၏ ဒေသဆိုင်ရာအခြေအနေ၊ ပါချန်မြစ်ဆိပ်ကမ်းအခြေအနေ၊ ရွာ၏စာသင်ကျောင်း၊ ဆေးပေးခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ဆိပ်ဖူးကျေးရွာရှိ ဒေသခံတိုင်းရင်းသားပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ကျေးရွာ၏ လူမှုရေး၊ စီးပွားရေးအခြေအနေများကို မေးမြန်းကာ မိမိနိုင်ငံ မိမိလူမျိုး၏ ကျေးဇူးသစ္စာကို စောင့်သိရှိသေကြရေး၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ထိန်းသိမ်းစောင့်ရှောက်ကြရေး၊ မိမိနိုင်ငံ မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျရာကဏ္ဍက ပါဝင်ဆောင်ရွက်ကြရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေဒေသအေးချမ်းသာယာရေးအတွက် တာဝန်ရှိသူများနှင့် ဝိုင်းဝန်းညီနှိုင်း ပူးပေါင်းဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များသည် ဆိပ်ဖူးကျေးရွာမှ မော်တော်ယာဉ်များဖြင့် ထွက်ခွာကြရာ ပါချန်မြစ်နံဘေးရှိ နယ်စပ်ကျေးရွာတစ်ခုဖြစ်သည့် မာရမ်းကျေးရွာသို့ရောက်ရှိကြသည်။

ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များအား မာရမ်းကျေးရွာ၌ တာဝန်ထမ်းဆောင်နေကြသော ဌာနဆိုင်ရာဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့တို့မှ အသင်းအဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် မာရမ်းကျေးရွာ တွဲဖက်အခြေခံပညာအလယ်တန်းကျောင်းရှေ့ရှိ ယာယီရှင်းလင်းဆောင်၌ မာရမ်းကျေးရွာနှင့် ပတ်ဝန်းကျင်ဒေသတို့မှ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ကျေးရွာပြည်သူများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားပြီး လိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းပေးသည်။

ရှေးဦးစွာ ခမောက်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ အုပ်ချုပ်ရေးမှူးက ခမောက်ကြီးမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ကိုးအုပ်စု၏ ပထဝီဆိုင်ရာ အချက်အလက်များ၊ ဒေသ၏စီးပွားရေး၊ လူမှုရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကျေးရွာများမှ ရပ်မိရပ်ဖများက ကျေးရွာအလိုက် လိုအပ်သည်များကို ဆွေးနွေးတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ပေါင်းစပ်ညှိနှိုင်း စီမံဖြည့်ဆည်းပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက အမှာစကားပြောကြားရာတွင် မာရမ်းကျေးရွာသည် တစ်ဖက်နိုင်ငံနှင့် ပါချန်မြစ်သာခြားသော မြန်မာနိုင်ငံ၏နယ်စပ်ကျေးရွာဖြစ်ကြောင်း၊ ထို့ကြောင့် မိမိနိုင်ငံ၊ မိမိလူမျိုးနှင့် မိမိယဉ်ကျေးမှုကို အထူးအလေးထားစောင့်ရှောက်ထိန်းသိမ်းရန်လိုကြောင်း၊ မိမိနိုင်ငံကို မိမိချစ်ရန်လိုကြောင်း၊ မိမိနိုင်ငံ၊ မိမိဇာတိကို ချစ်ခင်တွယ်တာမှုမရှိဘဲ အသိအမှတ်မပြုလျှင် နိုင်ငံမဲ့လူသားများသာဖြစ်နိုင်ကြောင်း။

မိမိနိုင်ငံကိုချစ်ခင်မှ ပြည်ထောင်စုကို ချစ်ခင်တန်ဖိုးထားတတ်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်နှင့် ပြည်ထောင်စုကြီး အစွန့်ရှည် တည်တံ့ခိုင်မြဲစေရေးအတွက် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြောင်း၊ မိမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးသည် မိမိတို့ ပြည်ထောင်စုသားများ ကိုယ့်အားကိုယ်ကိုး တည်ဆောက်ရမည် ဖြစ်ကြောင်း၊ ထို့အတူ ပြည်ထောင်စုစိတ်ဓာတ်နှင့် မိမိတို့၏ ဘာသာ၊ သာသနာကို တန်ဖိုးထားသော စိတ်ဓာတ်တို့ဖြင့် မိမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းလက်တွဲဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရက နိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေရာတွင် ဤမာရမ်းကျေးရွာကဲ့သို့သော နယ်စပ်ဒေသများကိုလည်း ချန်လှပ်မထားဘဲ အလေးထားဆောင်ရွက်ပေးလျက်ရှိသဖြင့် မိမိတို့ကလည်း နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရှိသေကာ ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်၊ ဘာသာ၊ သာသနာချစ်စိတ်ဓာတ်တို့ဖြင့် တုံ့ပြန်၍ နိုင်ငံအကျိုးပြုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက မာရမ်းကျေးရွာ တွဲဖက်အခြေခံပညာ အလယ်တန်းကျောင်း သင်ကြားမှုသင်ယူမှု အထောက်အကူပြု ပစ္စည်းများအတွက်ထောက်ပံ့လှူဒါန်းငွေကျပ်ငါးသိန်းကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မေဦးထံ ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် မာရမ်းကျေးရွာနှင့် ပတ်ဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး မာရမ်းကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်မှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် မာရမ်းကျေးရွာမှ မော်တော်ယာဉ်များဖြင့် ထွက်ခွာကြပြီး ယုဇနကုမ္ပဏီ၏ ဆီအုန်းစိုက်ရန်မြေရှင်းနေမှုနှင့် ယုဇနကုမ္ပဏီက ဖောက်လုပ်နေသော ကုန်ထုတ် လမ်းတစ်လျှောက် လမ်းအခြေအနေနှင့် ပတ်ဝန်းကျင် အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆီကြိတ်စက်ရုံ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် ယုဇနကုမ္ပဏီ၏ ယုဇနဆီအုန်းခြံနှင့် ဆီကြိတ်စက်ရုံသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ စီမံကိန်းမန်နေဂျာ ဦးအန်းဘန်က ယုဇနကုမ္ပဏီအနေဖြင့် တနင်္သာရီတိုင်းကြီးကို နိုင်ငံတော်၏ဆီအိုး ဖြစ်စေရမည်ဟူသော ရည်မှန်းချက်ပြည့်ဝစေရန် တနင်္သာရီတိုင်း ခမောက်ကြီးမြို့နယ်၌ ဆီအုန်းစိုက်ဧက ၃၀၀၀၀ ကျော်ရယူ၍ ဧက ၂၆၀၀၀ကျော် စိုက်ပျိုးပြီးစီးမှု၊ ဆီကြိတ်စက်ရုံကို တည်ဆောက်လျက်ရှိရာ ၈၅ရာခိုင်နှုန်း ပြီးစီးမှု၊ ဆီကြိတ်စက်ရုံ လည်ပတ်သည့်အခါ တစ်နေ့လျှင် ဆီအုန်းတန် ၆၀အထိ ကြိတ်ဝါးနိုင်၍ ယခုလက်ရှိတွင် ဆီအုန်းတန် ၃၀ ကြိတ်ဝါးနိုင်အောင် စီစဉ်ထားရှိမှု၊ ဆီအုန်းစိုက်ပျိုးခြင်း၊ ဆီကြိတ်စက်ရုံတည်ဆောက်ခြင်းနှင့် အုပ်ချုပ်မှုကိစ္စရပ်များအတွက် ဝန်ထမ်းနှင့် လုပ်သားအင်အား ၆၀၀၀ကျော်ဖြင့် ဆောင်ရွက်နေမှု၊ ဆီကြိတ်စက်ရုံကို ၂၀၀၅ခုနှစ် ဧပြီလလယ်ပိုင်းတွင် စတင်လည်ပတ်နိုင်ရန် ဆောင်ရွက်နေမှု၊ ဝန်ထမ်းများ နေထိုင်စားသောက်ရေးနှင့် သက်သာချောင်ချိရေး ဆောင်ရွက်ပေးထားမှု အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ယုဇနကုမ္ပဏီမှ ဝန်ထမ်းများနှင့် လုပ်သားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး အားပေးစကားပြောကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ယုဇနကုမ္ပဏီ၏ ဆီအုန်းဆီကြိတ်စက်ရုံ တည်ဆောက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များသည် ခမောက်ကြီးမြို့နယ်ရှိ နယ်မြေခံတပ်ရင်းသို့ ရောက်ရှိပြီး တပ်ရင်းခန်းမ၌ နယ်မြေခံတပ်မှ အရာရှိ၊ စစ်သည်များ၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ ကော့သောင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တင်စိုး၊ ခမောက်ကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကံထူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ခမောက်ကြီးမြို့နယ်၏ ဒေသဆိုင်ရာအချက်အလက်များနှင့် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက မိမိနိုင်ငံ မိမိပြည်ထောင်စုကို အမြဲထာဝရ ထိန်းသိမ်းစောင့်ရှောက်ရေး၊စည်းကမ်းစနစ်တကျရှိရေး၊ မြို့နယ်၏ စာရင်းဇယားအချက်အလက်များကို ပြည့်စုံမှန်ကန်အောင် ပြုစုထားရှိရေး၊ မိမိတို့၏ တာဝန်ကိုကျွမ်းကျင်ပိုင်နိုင်စွာဖြင့် တိကျမှန်ကန်စွာ ထမ်းဆောင်ကြရေး၊ ကျေးရွာများအထိ ကွင်းဆင်း၍ လိုအပ်သည်များကို ဆောင်ရွက်ရေး၊ လိုအပ်ချက်များကို တာဝန်ရှိသူ အဆင့်ဆင့်သို့ မြန်ဆန်စွာ တင်ပြဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများ၊ တပ်မတော်သားများနှင့် မိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး ကော့သောင်းမြို့သို့ ရောက်ရှိသည်။

(သတင်းစဉ်)

သဃ်္ဃန်းကျွန်းမြို့နယ် (၂၅) ရပ်ကွက် သံသုမာလမ်း အမှတ် (၁၀၄/၄)နေ မိဘနှစ်ပါးအား ရည်စူး၍ ဦးခင်မောင်အေး-ဒေါ်မော်ကြည် မိသားစုက အလှူငွေကျပ်တစ်သိန်းကို မြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက်ရှိ နာရေးကူညီမှုအသင်း (ရန်ကုန်)သို့ လှူဒါန်းရာ ဥက္ကဋ္ဌ ဦးအေးသန့်က လက်ခံယူပြီး ဂုဏ်ပြုလွှာပြန်လည် ပေးအပ်စဉ်။ (က-ပ)

ဖျာပုံတံတား တည်ဆောက်ရေးစီမံကိန်း ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁၃

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ လိုက်ပါလျက် မတ် ၁၁ရက် နံနက်ပိုင်းတွင် ဒလ-ကံဘဲ့-ကော့မှူး-ကွမ်းခြံကုန်း-ဒေးဒရဲ-ဖျာပုံလမ်းအတိုင်းမော်တော်ယာဉ်များဖြင့်ထွက်ခွာလာရာ လမ်းတစ်လျှောက် လမ်း-တံတား တည်ဆောက်ရေး လုပ်ငန်းများကိုစစ်ဆေးပြီး ဖျာပုံတံတား တည်ဆောက်ရေးစီမံကိန်း အုန်းပင်ဆိပ်ကမ်းဘက် လုပ်ငန်းခွင်သို့ မွန်းလွဲပိုင်းတွင် ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်၌ စီမံကိန်းတာဝန်ခံ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးခင်မောင်ဆယ်က လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ဝန်ကြီးအား ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက ရေလယ်သံပေါင်များကို တစ်ခန်းပြီးတစ်ခန်း မြန်လည်းမြန် မှန်လည်းမှန်စနစ်ဖြင့် တပ်ဆင်ရန်၊ ပစ္စည်းအလေအလွင့်အနည်းဆုံးနှင့် အကောင်းဆုံး ဖြစ်အောင် ဆောင်ရွက်ရန်တို့ကိုမှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဖျာပုံတံတားသည် ပင်မသံမဏိသံပေါင် ၁၃၇၂ပေ ရှစ်လက်မနှင့် ချဉ်းကပ်တံတားဖျာပုံဘက်ကမ်းတွင် ပေ ၁၂၁၀၊ ဒေးဒရဲဘက်ကမ်းတွင်ပေ ၁၂၃၀ စုစုပေါင်း ၃၈၁၂ပေ ရှစ်လက်မရှိပြီး ယာဉ်သွားလမ်း အကျယ်မှာ ၂၈ပေနှင့် လူသွားလမ်းအကျယ် တစ်ဖက်လျှင်ခြောက်ပေစီပါရှိပြီး ယာဉ်တစ်စီးချင်းခွင့်ပြု အလေးချိန် တန် ၆၀ရှိ တံတားအမျိုးအစားဖြစ်သည်။

ယခုအခါ ပင်မတံတားရေလယ်တိုင် လုပ်ငန်းများအားလုံးပြီးစီး၍ သံမဏိသံပေါင်တပ်ဆင်ခြင်းမှာ အခန်းကြီးလေးခန်းရှိသည့်အနက် P_1 နှင့် P_2 အကြား ပထမတစ်ခန်း၏ သံပေါင်တပ်ဆင်ခြင်းလုပ်ငန်းမှာ ၅၀ရာခိုင်နှုန်း တပ်ဆင်ပြီးဖြစ်ကာ ကျန်ချဉ်းကပ်တံတားတိုင်လုပ်ငန်းများကို တစ်ချိန်တည်း တစ်ပြိုင်တည်း ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ဖျာပုံတံတား တည်ဆောက်ရေးစီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။

(ဆောက်လုပ်ရေး)

စစ်ရေးပြစစ်ကြောင်းများ တည်းခိုရာစခန်းများ၌ အဆို၊ အက၊ အငြိမ့်၊ ရုပ်ရှင်တို့ဖြင့် ဖျော်ဖြေတင်ဆက်

ရန်ကုန် မတ် ၁၃

နှစ်(၆၀)ပြည့် တပ်မတော်နေ့တွင် ပါဝင်စစ်ရေးပြကြမည့် စစ်ကြောင်းကြီးများ တည်းခိုရာစခန်းအသီးသီး၌ ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၏ စီစဉ်ဆောင်ရွက်မှုဖြင့် တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်၊ အမှတ်(၁) နယ်လှည့် ပြည်သူ့ဆက်ဆံရေးတပ်ခွဲ၊ အမှတ်(၂) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲနှင့် နယ်မြေခံတပ်ရင်းများက အဆို၊ အက၊ အငြိမ့်၊ ဟာသတို့ဖြင့်လည်းကောင်း၊ ရုပ်ရှင်များဖြင့်လည်းကောင်း ယမန်နေ့ည ၇နာရီတွင် ဖျော်ဖြေတင်ဆက်ကြသည်။

ထိုသို့ ဖျော်ဖြေရာတွင် တပ်မတော်အရိုးကုဆေးရုံခုတင် (၅၀၀)ရှိ ဗန္ဓုလစစ်ကြောင်း၌ တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်၊ မြဝတီစင်တင်တေးဂီတအဖွဲ့နှင့်အတူ စတီရီယိုတေးသံရှင်များက လည်းကောင်း၊ အောင်မင်္ဂလာ အဝေးပြေးရှေ့ နယ်မြေခံတပ်ရင်းရှိ ကျန်စစ်သားစစ်ကြောင်း၌ အမှတ်(၁) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲက အဆို၊ အက၊ အငြိမ့်၊ ဟာသများဖြင့် လည်းကောင်း၊ ဇေယျာဝတီရေတပ်စခန်းဌာနချုပ်ရှိ နဝဒေးစစ်ကြောင်း၌ အမှတ်(၂) နယ်လှည့်ပြည်သူ့ဆက်ဆံရေး တပ်ခွဲက အဆို၊ အက၊ အငြိမ့်၊ ဟာသများဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်ရှိ မြဝတီစစ်ကြောင်း၌ **“ဆန်ရေ”** မြန်မာရုပ်ရှင်ဇာတ်ကားဖြင့်လည်းကောင်း၊ အမှတ်(၁) စစ်ကြောရေးနှင့် တည်းခိုရေးစခန်း (ဘုရင့်နောင်)ရှိ အနော်ရထာစစ်ကြောင်း၊ ဘုရင့်နောင်စစ်ကြောင်းနှင့် အောင်ဇေယျစစ်ကြောင်းတို့၌ **“သမီးမိုက်”** မြန်မာရုပ်ရှင်ဇာတ်ကားဖြင့် လည်းကောင်း အသီးသီးဖျော်ဖြေတင်ဆက်ကြသည်။

ကြည့်ရှုအားပေး

အဆိုပါ ဖျော်ဖြေတင်ဆက်မှုများကို စစ်ကြောင်းကြီးများမှ စစ်ကြောင်းမှူးများ၊ တပ်ရင်းမှူးများနှင့် အရာရှိ၊ စစ်သည်များက ပျော်ရွှင်စွာကြည့်ရှုအားပေးကြသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၄-၃-၂၀၀၅ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	**အဘိဓမ္မာမဟာ သဒ္ဓမ္မဇောတိက တောင်တန်း သာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇:၅၅	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
၈:၁၀	၆။	ချစ်စရာ့အရွယ် ကကြိုးသွယ်
၈:၂၀	၇။	ရွှေလီတံတား
၈:၃၀	၈။	International News.
၈:၄၅	၉။	Grammar Made Easy.
၉:၀၀	၁၀။	အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၄:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀	၃။	Practice in Reading.
၄:၄၅	၄။	တပ်မတော်နေ့ ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲ ဆုရတေးများ
၅:၀၀	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (ရက္ခဗေဒအထူးပြု) (ရက္ခဗေဒ)
၅:၁၅	၆။	တေးဂီတအစီအစဉ်
၅:၂၅	၇။	အကပဒေသာ
၅:၃၅	၈။	မြန်မာစာ၊ မြန်မာစကား
၅:၄၅	၉။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာ အဆိုအကများ
၅:၅၀	၁၀။	တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ် တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၆:၀၅	၁၁။	Discovery.
၆:၁၀	၁၂။	**နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ “မျောက်မင်းဂူခုန်း” (အပိုင်း-၇၅)**
၆:၃၀	၁၃။	ညနေခင်းသတင်း
၇:၀၀	၁၄။	မိုးလေဝသအခြေအနေ
၇:၀၅	၁၅။	စက်မှုစွမ်းအားခေတ်ကျော်လွှား
၇:၂၀	၁၆။	ဆွေးနွေးဖွေရှာ ကွန်ပျူတာနည်းပညာ (အပိုင်း-၂)
၇:၃၅	၁၇။	နှစ်(၆၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၇:၄၅	၁၈။	အမျိုးသားညီလာခံဂုဏ်ပြုတေး
၈:၀၀	၁၉။	ပြည်တွင်းသတင်း
	၂၀။	နိုင်ငံတကာသတင်းများ
	၂၁။	မိုးလေဝသအခြေအနေ
	၂၂။	**နိုင်ငံခြားဇာတ်လမ်းတွဲ “သံစဉ်မဲ့ချစ်သူ”(အပိုင်း-၄၆)**
	၂၃။	နောက်တစ်နေ့အစီအစဉ်
	၂၄။	အစီအစဉ်ပြီး၏။

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များအားကြပ်မတ်စစ်ဆေး

ရန်ကုန် မတ် ၁၃

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီဥက္ကဋ္ဌ၊သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် ကော်မတီဝင် စစ်ဆေးကြပ်မတ်ရေးအဖွဲ့ - ဒုတိယအဖွဲ့ခေါင်းဆောင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ အဖွဲ့ဝင်များဖြစ်ကြသည့် တပ်ထိန်းချုပ် ဗိုလ်ချုပ်စောလှ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လည်းကောင်း၊ ကော်မတီဝင် စစ်ဆေးကြပ်မတ်ရေးအဖွဲ့-အဖွဲ့ခေါင်းဆောင် ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ ဒုတိယအဖွဲ့ခေါင်းဆောင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ဘုန်းဆွေတို့သည် အဖွဲ့ဝင်များဖြစ်ကြသည့် တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်ထင်အောင်ကျော်၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ညနေပိုင်းတွင် လည်းကောင်း မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များက ရန်ကုန်မြို့၏ အဓိကအချက်အချာကျသောနေရာများ၌ တပ်မတော်မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာ မော်တော်ယာဉ်များ သွားလာသုံးစွဲမှု စစ်ဆေးနေကြသည်တို့ကို လှည့်လည်စစ်ဆေးကြပ်မတ်ကြသည်။

နိုင်ငံတော်အစိုးရပိုင် မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သော ယနေ့တွင် စစ်ဆေးရေးအဖွဲ့များသည် နံနက်၇နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့၏ အဓိကအချက်အချာကျသောနေရာများ၌ တပ်မတော် မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာမော်တော်ယာဉ်များသွားလာ သုံးစွဲရာတွင် မော်တော်ယာဉ်မသုံးစွဲရနေ့ စည်းကမ်းချက်များဖြစ်သည့် သက်ဆိုင်ရာ တပ်၊ဌာနများ၏ မော်တော်ယာဉ်သုံးစွဲခွင့် လက်မှတ် (Dry Day Pass)၊ ယာဉ်မောင်း လိုင်စင်၊ ယာဉ်လိုင်စင်(ဝှီးတက်)တို့ပါရှိခြင်း ရှိ-မရှိ နှင့် ဌာနဆိုင်ရာ ဝတ်စုံများ ဝတ်ဆင်ခြင်း ရှိ-မရှိတို့ကိုစစ်ဆေးကြပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဆိုင်ရာများကိုလည်းစစ်ဆေးကြသည်။(သတင်းစဉ်)

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီ ဥက္ကဋ္ဌ၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့် ကော်မတီဝင်များ မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များ စစ်ဆေးနေကြသည်တို့ကို လှည့်လည် စစ်ဆေးကြပ်မတ်ကြစဉ်။

(သတင်းစဉ်)

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်မှာကြား

ရန်ကုန် မတ် ၁၃

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ညနေ ၅နာရီတွင် ရန်ကုန်တိုင်း စစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းလမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေးကြီးကြပ်ကွပ်ကဲမှုအဖွဲ့ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ စစ်ဒေသမှူးများ၊ တပ်နယ်မှူးများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး မြင့်ကြည်နှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဝင်များ၊ ရန်ကုန်မြို့ရှိ တက္ကသိုလ်၊ ကောလိပ်များမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနမှူးများ၊ မော်ကွန်းထိန်းများနှင့် တာဝန်ရှိသူများ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ ရန်ကုန်မြို့တွင်း ပြေးဆွဲလျက်ရှိသည့် မော်တော်ယာဉ်လိုင်းများမှ ယာဉ်လိုင်း ဥက္ကဋ္ဌများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်မြို့တွင်းနှင့် အနယ်နယ် အရပ်ရပ်သို့ နေ့စဉ် ခရီးသွားလာလျက်ရှိသည့် ပြည်သူများနှင့် ရန်ကုန်မြို့တွင်းရှိ တက္ကသိုလ်၊ ကောလိပ်များမှ ဆရာ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဝင်များက စီမံဆောင်ရွက်ပေးရမည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ရန်ကုန်တိုင်းလမ်းပန်း ဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှု အဖွဲ့ဝင်များက ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာဖြင့် အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် ကြပ်မတ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကိုလည်းကောင်း၊ ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအောင်နိုင်က ယာဉ်မတော်တဆဖြစ်မှုနှင့် ယာဉ်တိုက်ခိုက်မှု လျော့နည်းကျဆင်းစေရေးအတွက် သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို လည်းကောင်း၊ ရန်ကုန်မြို့ရှိ တက္ကသိုလ်၊ ကောလိပ်များမှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ဌာနမှူးများ၊ မော်ကွန်းထိန်းများနှင့် တာဝန်ရှိသူများက ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးစေလိုသည့် အခြေအနေများကို လည်းကောင်း၊ ရန်ကုန်တိုင်းအတွင်း ပြေးဆွဲလျက်ရှိသည့် မော်တော်ယာဉ်လိုင်းများမှ ယာဉ်လိုင်းဥက္ကဋ္ဌများက ပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာဖြင့် သွားလာနိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိသည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

စစ်ဆေးကြပ်မတ်

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ အနေဖြင့် ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာဖြင့် သွားလာနိုင်ရေး စီမံဆောင်ရွက်ပေးနေသကဲ့သို့ တက္ကသိုလ်၊

ကောလိပ်များမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စွာဖြင့် အဆင်ပြေစွာ ပညာသင်ကြားနိုင်ရေးအတွက် အဘက်ဘက်က စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုအခါ စက်သုံးဆီ ဈေးနှုန်းကြီးမြင့်မှုကြောင့် CNG ဓာတ်ငွေ့သုံး မော်တော်ယာဉ်များ တပ်ဆင်ပြေးဆွဲပေးလျက်ရှိကြောင်း၊ ပြည်သူများ အဆင်ပြေ ချောမွေ့စွာဖြင့် ခရီးသွားလာနိုင်ရေး စီမံဆောင်ရွက်နေသကဲ့သို့ မော်တော်ယာဉ်လိုင်းများမှ ယာဉ်များ ခွင့်ပြုချက် မရရှိဘဲ ယာဉ်အစားထိုး ပြေးဆွဲခြင်း၊ ယာဉ်ရပ်နားခြင်းများ မရှိစေရေး တာဝန်ရှိသူများက စစ်ဆေးကြပ်မတ် ဆောင်ရွက်ကြ စေလိုကြောင်းဖြင့် နိဂုံးချုပ် အမှာစကား ပြောကြားသည်။

(သတင်းစဉ်)

အမှာစကားပြောကြား

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေး တွင် အမှာစကားပြောကြားစဉ်။ (ရန်ကုန်တိုင်း)

နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် ကွန်ပျူတာဉာဏ်စမ်းပြိုင်ပွဲ စတုတ္ထနေ့ ဆက်လက်ကျင်းပ

ရန်ကုန် မတ် ၁၃

နိုင်ငံတော်ဦးတည်ချက် (၁၂)ရပ်ပြခန်း ခင်းကျင်းပြသရေး လုပ်ငန်းကော်မတီက ကြီးမှူးကျင်းပသည့် ၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် ကွန်ပျူတာ ဉာဏ်စမ်းပြိုင်ပွဲကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းရှိ စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူးရုံး၌ စတုတ္ထနေ့အဖြစ် ဆက်လက်ကျင်းပသည်။

ရှေးဦးစွာ ကွန်ပျူတာဉာဏ်စမ်း ပြိုင်ပွဲဝင် မြို့နယ်များမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းဝင်များအား နိုင်ငံတော်ဦးတည်ချက်(၁၂)ရပ်ပြခန်း ခင်းကျင်းပြသရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာန ပြန်လည်နေရာချထားရေးညွှန်ကြားရေးမှူးရုံးမှ ဒုတိယဗိုလ်မှူးကြီးအောင်ကြီးက ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို လည်းကောင်း၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်မှ ကထိကဦးတင်ဝင်းက ပြိုင်ပွဲစည်းကမ်းချက်များနှင့် ပတ်သက်၍ လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ယနေ့ကျင်းပသည့်ပြိုင်ပွဲသို့ သဃ်န်းကျွန်းမြို့နယ်၊ စမ်းချောင်းမြို့နယ်နှင့် ပုဇွန်တောင်မြို့နယ်တို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ၂၅ ဦးစီ စုစုပေါင်းအသင်းဝင် ၇၅ ဦးတို့ ပြိုင်ပွဲဝင်ကြသည်။ အဆိုပါ ပြိုင်ပွဲကို မတ် ၁၉ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)

လရောင်နမ်းတဲ့အလွမ်းသစ်ပင် ယခုအပတ်ရုံတင်မည်

ရန်ကုန် မတ် ၁၃

ဒါရိုက်တာ စင်ရော်မောင်မောင် ရိုက်ကူး၍ ဂျပန်သရုပ်ဆောင် မီချီတာနာဂါဆုကာ၊ ထွန်းအိန္ဒြာဗို၊ ညွှန့်ဝင်း၊ နှင်းဆီတို့ ပါဝင်သရုပ်ဆောင်သည့် **လရောင်နမ်းတဲ့ အလွမ်းသစ်ပင်** ဓာတ်ကား မတ် ၁၈ ရက် သောကြာနေ့တွင် နဝဒေး၊ ရွှေမန်း၊ စံပြ၊ သီတာ၊ မြရတနာရုံများ၌ ရုံတင်ပြသမည်ဖြစ်သည်။

ဂျပန်နိုင်ငံ၏ ရှုခင်းများကို နောက်ခံထား၍ ရိုက်ကူးထားသော မေတ္တာဘွဲ့ ဓာတ်လမ်းဖြစ်၍ အင်္ဂလိပ်စကားပြောနှင့် မြန်မာစာတန်းထိုးထားသည်။

(ကြေးမုံ)

လရောင်နမ်းတဲ့ အလွမ်းသစ်ပင်

ရုံတင်ပြသတော့မည့် "လရောင်နမ်းတဲ့ အလွမ်းသစ်ပင်" ဓာတ်ကားမှ သရုပ်ဆောင်ဟန်။

"ခုနစ်နှစ်လီ" ဓာတ်ကားမှ အရိုင်းနှင့် မေသန်းနုတို့ သရုပ်ဆောင်ဟန်။

မောင်နှံ့ခုနစ်ဖော်ဓာတ်ကား ပြန်လည်ဆန်းသစ်

ရန်ကုန် မတ် ၁၃

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ရန်ပုံငွေအဖြစ် ဒါရိုက်တာခင်စောမျိုး ရိုက်ကူးသော **ခုနစ်နှစ်လီ** အဆင့်မြင့် ဗီဒီယိုဓာတ်ကား ရိုက်ကူးပြီးစီး၍ မကြာမီရုံတင်ပြသနိုင်မည် ဖြစ်သည်။

ခုနစ်နှစ်လီဓာတ်ကားတွင် ကျော်သူ၊ ခန့်စည်သူ၊ မင်းအုပ်စိုး၊ နေတိုး၊ အရိုင်း၊ မေသန်းနု၊ ထူးမွှန်၊ ပိုင်စုခိုင်သိန်း၊ ခိုင်ဇွန်၊ ထက်ထက်ဝေချင်း စသော သရုပ်ဆောင်များပါဝင်၍ တစ်ခေတ်က နာမည်ကြီးခဲ့သော **မောင်နှံ့ခုနစ်ဖော်** ဓာတ်ကားကို ပြန်လည်ဆန်းသစ်ခြင်း ဖြစ်သည်ဟု သိရသည်။

(ကြေးမုံ)

ဆင္ဂဏ်ဓာတ်ကား ရိုက်ကူးပြီးစီး

ရန်ကုန် မတ် ၁၃

စိမ်းဝါနီရုပ်ရှင်မှ ဒါရိုက်တာ ကြည်စိုးထွန်းရိုက်ကူးသည့် **ဆင္ဂဏ်** ဓာတ်ကား ဓာတ်ဝင်ခန်းများကို လက်စသတ်ရိုက်ကူးနေရာ ယခုအခါ ပြီးစီးလုပြီဖြစ်သည်။

အသက်အရွယ် ပစ္စည်းဥစ္စာခနေ အခြေအနေမတူညီသော ကိုယ်ဝန်သည် ခြောက်ဦး၏ မိသားစုဘဝများကို ဆက်စပ်ပြသထားသော ဓာတ်လမ်းဖြစ်၍ စာရေးဆရာမ မစန္ဒာ၏ အမျိုးသားစာပေဆုရဝတ္ထုရှည်ဖြစ်သည်။

ကိုယ်ဝန်ဆောင်ခြောက်ဦးအဖြစ် မြင့်မြင့်ခိုင်၊ ထွန်းအိန္ဒြာဗို၊ မျိုးသန္တာထွန်း၊ ခင်ဇာခြည်ကျော်၊ စိုးမြတ်နန္ဒာနှင့် ဆုရွှန်းလဲ့တို့ သရုပ်ဆောင်ကြပြီး အမျိုးသားဓာတ်ဆောင် လွင်မိုး၊ ဝေဠုကျော်၊ သျှားညို၊ ထွန်းထွန်းဝင်း၊ သုမောင်၊ လျှမ်းထက်၊ ရွှေသွေးနှင့် ဇင်မျိုးတို့ ပါဝင်ကြသည်ဟု သိရသည်။ **(ကြေးမုံ)**

"ဆင္ဂဏ်"ဓာတ်ကားမှ မျိုးသန္တာထွန်း၊ ထွန်းအိန္ဒြာဗိုနှင့် သရုပ်ဆောင်များ၏ အမူအရာ။

အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၃

မြန်မာ့ရုပ်ရှင် အဆင့်အတန်း မြင့်မားရေးအတွက် အလုပ်ရုံ ဆွေးနွေးပွဲတစ်ရပ်ကို မြန်မာနိုင်ငံ ရုပ်ရှင် အစည်းအရုံးနှင့် မြန်မာ့ရုပ်ရှင်လုပ်ငန်းတို့ ကမကထပြု၍ မကြာမီပြုလုပ်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

မြန်မာ့ရုပ်ရှင် အဆင့်အတန်း မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲ အကြို ယခုအခါ ရုပ်ရှင်ဒါရိုက်တာများ၊ ရုပ်ရှင်ထုတ်လုပ်သူများ၊ ဓာတ်ညွှန်းဆရာများ အစုအဖွဲ့အလိုက် အကြိုညှိနှိုင်းပွဲများ၊ ရုပ်ရှင်ဆွေးနွေးပွဲများ ပြုလုပ်လျက်ရှိသည်။

(ကြေးမုံ)

ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန် အနောက်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ ထာဝရ သွေးလှူရှင် အဆိုပြုလွှာပေးအပ်ခြင်း၊ စုပေါင်း သွေးလှူဒါန်းခြင်းနှင့် သန့်ရှင်းရေး လုပ်အားပေးဆောင်ရွက်ခြင်း အခမ်း အနား၌ အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း စုပေါင်းသွေးလှူဒါန်းပွဲ၊ ထာဝရသွေးလှူရှင်အဆိုပြုလွှာပေးအပ်ပွဲနှင့် စုပေါင်းသန့်ရှင်းရေးလုပ်ဆောင်ပွဲ တက်ရောက်ကြည့်ရှုအားပေး

ရန်ကုန် မတ် ၁၃

၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရန်ကုန်အနောက်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ စုပေါင်းသွေးလှူဒါန်းပွဲ၊ ထာဝရသွေးလှူရှင် အဆိုပြုလွှာပေးအပ်ပွဲနှင့် စုပေါင်းသန့်ရှင်းရေးလုပ်ဆောင်ပွဲကို ယမန်နေ့နံနက် ၇နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ ရန်ကုန်ကလေးဆေးရုံကြီး၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါ၊ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ ရန်ကုန်အနောက်ပိုင်း ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်တင့်နှင့် အဖွဲ့ဝင်များ၊ ခရိုင်အတွင်းရှိ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ခရိုင်နှင့်မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ အသီးသီးမှ တာဝန်ရှိသူများနှင့် သွေးလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ဂုဏ်ပြုအမှာစကားပြောကြားသည်။

ထို့နောက် ရန်ကုန်အနောက်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်ဝင်းက ရန်ကုန်အနောက်ပိုင်းခရိုင်မှ ထာဝရသွေးလှူရှင်အဆိုပြုလွှာ၉၁၀၀ကိုရန်ကုန် ကလေးဆေးရုံအုပ်ကြီး ဒေါက်တာချစ်ကိုတင်ထံ လည်းကောင်း၊ ထာဝရသွေးလှူရှင်အဆိုပြုလွှာ ၂၄၀၀ကို ရန်ကုန် အထွေထွေရောဂါကု ဆေးရုံသစ်ကြီး ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်လှကျင်ထံလည်းကောင်း ပေးအပ်ကြပြီး ရန်ကုန် ကလေးဆေးရုံကြီးသို့ ထာဝရငွေပဒေသာပင်အတွက် အလှူငွေကျပ်ငါးသောင်းကို ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာချစ်ကိုတင်က လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသော ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့နှင့်အတူ တာဝန်ရှိသူများလိုက်ပါ၍ ရန်ကုန်ကလေးဆေးရုံကြီး သွေးလှူဘဏ်သို့ သွားရောက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ၄၅ဦးတို့၏ သွေးလှူဒါန်းနေမှုနှင့် ရန်ကုန် အနောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ် ၁၃မြို့နယ်မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းဝင်များနှင့် လူမှုရေးအသင်းအဖွဲ့ အသီးသီးမှ အဖွဲ့ဝင် ၁၈၅၀ တို့က ရန်ကုန်ကလေးဆေးရုံကြီးအတွင်း လုပ်ကွက် ၁၁ကွက်တို့၌ သန့်ရှင်းရေးလုပ်ဆောင်နေမှုများကို လိုက်လံကြည့်ရှုအားပေးကြသည်။

(သတင်းစဉ်)

မတ် ၅ ရက်က ကျောင်းကောင်စီဥက္ကဋ္ဌ တံခွန်စိုက်ဒိုင်း ချီးမြှင့်ခြင်း အခမ်းအနားကိုလသာမြို့နယ်အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အုန်းမြင့် ကျောင်းကောင်စီဥက္ကဋ္ဌ တံခွန်စိုက်ဒိုင်းရရှိသော ဗန္ဓုလအသင်း ခေါင်းဆောင်အား ဒိုင်းဆုချီးမြှင့်စဉ်။ (က–ပ)

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် မတ် ၁၃

ဒေါက်တာစိုးမိုးသက်သည် မတ် ၁၂ရက် နံနက် ၇နာရီ ၁၀မိနစ်တွင် ကစားဖော်များဖြစ်သည့် ဦးဝဏ္ဏအောင်၊ ဦးအောင်မြတ်လွင်၊ ဦးကျော်မင်းထက်တို့နှင့်အတူ တောင်ဥက္ကလာဂေါက်ကွင်း၌ ကစားစဉ် Taylor Made Iron (5)တုတ်ဖြင့် Tour Special No (1) ဘောလုံးကို ရိုက်လိုက်ရာ ၁၇၁ ကိုက်အကွာအဝေးရှိ ကျင်းအမှတ် (၁)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။ (က–ပ)

နှစ် (၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆို စုပေါင်းသွေးလှူဒါန်း၊ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ရန်ကုန် မတ် ၁၃

၂၀၀၅ခုနှစ် နှစ် (၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသော အားဖြင့် ရန်ကုန်မြောက်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ ထာဝရသွေးလှူရှင် အဆိုပြုလွှာပေးအပ်ပွဲ၊ စုပေါင်းသွေးလှူဒါန်းပွဲနှင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပွဲကို ယနေ့နံနက် ၇ နာရီတွင် အင်းစိန် အထွေထွေရောဂါကု ဆေးရုံကြီး၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်မင်းနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ခေတ္တအတွင်းရေးမှူး ဦးအောင်မြင့်နှင့် တိုင်း၊ ခရိုင်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ အသင်းဝင်များ၊ လူမှုရေး အသင်းအဖွဲ့အသီးသီးမှ အဖွဲ့ဝင်များနှင့် ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ကြသည်။ (သတင်းစဉ်)

အက်ဖ်အေဖလားပွဲ မန်ယူ အကြိုဗိုလ်လုပွဲတက် ဆောက်သင်တန် အသင်းကို လေးဂိုးပြတ်နိုင်

ဆောက်သင်တန်(အင်္ဂလန်) မတ် ၁၃

အက်ဖ်အေဖလား ကွာတားဖိုင်နယ်အဖြစ် မန်ချက်စတာ ယူနိုက်တက်အသင်းနှင့် ဆောက်သင်တန်အသင်းတို့ မတ် ၁၂ရက်က ယှဉ်ပြိုင်ကစားခဲ့ကြရာ မန်ချက်စတာ ယူနိုက်တက်အသင်းက လေးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်သွားပြီဖြစ်သည်။

အက်ဖ်အေဖလား ကွာတားဖိုင်နယ်တွင် ဆောက်သင်တန်မှ မာတင်ကရှာန် (၀) နှင့် မန်ယူမှ ရွန်းနေး (ယာ)တို့ ဘောလုံးယှဉ်လုကြစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ဦးစားပေး

ယခုပြိုင်ပွဲတွင် အနိုင်ရလိုက်သည့်အတွက် "မန်ချက်စတာယူနိုက်တက်အသင်း၏ ဦးစားပေးလုပ်ငန်းမှာ အက်ဖ်အေဖလား ရရှိရေးပင်ဖြစ်သည်" ဟု လက်ထောက် မန်နေဂျာ ကားလို့စ်ကွီရော့ဇ်က ပြောကြားသွားသည်။

ပွဲအစ နှစ်မိနစ်မှာပင် မန်ယူအသင်း ထောင့်ကန်ဘောကန်ခွင့်ရရာ အသင်းခေါင်းဆောင် ရွိုင်ကိန်း ကန်လိုက်သော ဘောလုံးမှာဝေ့ပြီး ဆောက်သင်တန်ဂိုးပေါက်ထဲသို့ တန်းတန်းမတ်မတ် ဝင်သွားသဖြင့် မန်ယူအသင်း ဂိုးစတင်ရရှိခဲ့သည်။

ဦးဆောင်

ပထမပိုင်းပြီးခါနီးတွင် ခရစ္စတီယာနိုရော်နယ်ဒိုက ဒုတိယဂိုး သွင်းလိုက်သည့်အတွက် ပထမပိုင်းတွင် မန်ယူ နှစ်ဂိုးဖြင့် ဦးဆောင်နေခဲ့သည်။

ဒုတိယပိုင်းတွင် ပေါလ်စခိုးက နှစ်ဂိုးဆက်တိုက် သွင်းယူလိုက်သည့်အတွက် မန်ချက်စတာ ယူနိုက်တက်အသင်းက ဆောက်သင်တန်အသင်းကို လေးဂိုးပြတ်ဖြင့် အနိုင်ရကာ အကြိုဗိုလ်လုပွဲသို့ တက်သွားပြီဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

မန်ချက်စတာ ယူနိုက်တက်အသင်းမှ ရွိုင်ကိန်း ဂိုးသွင်းအပြီး မန်ယူအသင်းသားများ အောင်ပွဲခံစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ဘာဆီလိုနာအသင်း အက်လက်တစ်အသင်းကိုနိုင်

မဒရစ် မတ် ၁၃

စပိန်နိုင်ငံ မဒရစ်မြို့တွင် မတ် ၁၂ရက်က ကျင်းပသည့် လာလီဂါပွဲစဉ်၌ ဘာဆီလိုနာ အသင်းက အက်လက်တစ်ဘီလ်ဘာအို အသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ ဘာကာအသင်းအတွက် အနိုင်ဂိုးများကို ဒီကိုနှင့် ဂီလီတို့က သွင်းယူခဲ့သည်။

မတ် ၁၂ရက်က အီတလီနိုင်ငံတွင် ကျင်းပသည့် အီတလီစီးရီးအေပြိုင်ပွဲတွင် အင်တာမီလန်အသင်းနှင့် လာဇီယိုအသင်းတို့ အနိုင်အရှုံး မပေါ်ဘဲ တစ်ဂိုးစီဖြင့် သရေကျသွားသည်။

ပြင်သစ်နိုင်ငံ ပါရီမြို့တွင် စနေနေ့က ယှဉ်ပြိုင်ကစားခဲ့ကြသည့် ပွဲစဉ်၌ အိုလံပစ်အသင်းက အောက်ဆုံးတန်းမှ အစ်ထရက်စ်အသင်းကို ခြောက်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရသွားသည်။

ဂလပ်စ်ဂိုမြို့တွင် ကျင်းပသည့် စကော့တစ် ပရီမီယာလိဂ် ဘောလုံးပွဲစဉ်တွင် ဆဲလ်တစ်အသင်းက ဒန်ဖားမ်လိုင်းအသင်းကို ခြောက်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရသည်။

အမ်အင်အေ၊ရိုက်တာ။

တောင်ငူမြို့ပေါ်နှင့် မြို့နယ်အတွင်းရှိ ကျောင်းတိုက်များမှ ဆရာတော်ကြီးများအား ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်

ရန်ကုန် မတ် ၁၃

ပဲခူးတိုင်း တောင်ငူမြို့ပေါ်နှင့် တောင်ငူမြို့နယ်အတွင်းရှိ ကျောင်းတိုက်များမှ ဆရာတော်ကြီးများအား ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို မတ် ၁၂ ရက် နံနက် ၉ နာရီတွင် တောင်ငူမြို့ သာသနဟိတကာရီဗိမာန်တော်ကြီး၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်ကြည်ညိုပြီး ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

တက်ရောက်ကြည်ညို

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် တောင်ငူမြို့ ဓမ္မာစရိယတက္ကသိုလ် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခန္တီသာရ အမှူးပြုသည့် ကျောင်းတိုက်အသီးသီးမှ ပဓာန နာယကဆရာတော်ကြီးများ စုစုပေါင်း ၁၀၈ ပါးတို့ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ဒုတိယဗိုလ်ချုပ်ကြီး တင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးနှင့် ဘာသာရေးအသင်းအဖွဲ့များမှ အဖွဲ့ဝင်များ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် ပဲခူးတိုင်း သာသနာရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြား ရေးမှူး ဦးကြည်လှကဆောင်ရွက်ပြီး အခမ်းအနားအစီအစဉ်များကို ဖတ်ကြားလျှောက်ထားတင်ပြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ●

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီး ချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် တောင်ငူမြို့ ဓမ္မာစရိယ တက္ကသိုလ် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ခန္တီသာရ ဆရာတော်ကြီးအား ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ် ပစ္စည်းများ ဆက်ကပ်လှူဒါန်း စဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



မတ် ၁၁ ရက်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကရင်ပြည်နယ် သံတောင်မြို့နယ် သံတောင် တောင်စခန်းမြို့၏သာယာလှပမှု ကြည့်ရှုစဉ်။ (သတင်း–ရွှေဖုံး)
(သတင်းစဉ်)